မာတိကာ


| | | |
|---|---|---|
| ၁၇။ | ကုသိနာရုံ အင်ကြင်းစုံ၌ | ၂၃၀ |
| ၁၈။ | ရွှေတောင်ကြီး ပြိုတော့မည် | ၂၄၂ |
| ၁၉။ | နောက်ဆုံး မျက်မှောက်တပည့် | ၂၅၆ |
| ၂၀။ | နောက်ဆုံး မိန့်ခွန်းတော် | ၂၆၉ |
| ၂၁။ | ချမ်းမြေ့နိဗ္ဗူ စံတော်မူသည် | ၂၈၁ |
| ၂၂။ | ဖဝါးတော်တွင် နဖူးတင် | ၂၈၆ |
| ၂၃။ | သံဂါယနာ နိဒါန်း | ၂၉၃ |
| ၂၄။ | အချိန်မီ ကာကွယ်ကြပါစို့ | ၃၁၀ |
| ၂၅။ | ပြည်တော်ပြန် မလှသောခရီး | ၃၁၈ |
| ၂၆။ | အရှင်မြတ်ကြီး၏ သူငယ်ကလေး | ၃၃၀ |
| ၂၇။ | အာဏာစက်နှင့် ဓမ္မစက် | ၃၄၇ |
| ၂၈။ | ကျွန်ုပ်၏ အလွတ်တရား | ၃၆၁ |
| ၂၉။ | သံဂါယနာပွဲတော်ကြီး | ၃၇၈ |
| ၃၀။ | နှလုံးအေးဖြင့် အရှုံးပေးလိုက်ပါသည် | ၃၉၀ |
| ၃၁။ | နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေသတည်း | ၄၁၃ |

# စကားဦး

ညီတော်အာနန္ဒာကို ဗဟိုပြု၍ သူ့နောင်တော်ကြီး ဘုရား၏ ဖြစ်တော်စဉ်များ၊ လက်ရင်းကျသော ရဟန္တာ အရှင်မြတ်ကြီးတို့၏ ဖြစ်ရပ်ဇာတ်လမ်းများကို ဆက်လက် ဖော်ကျူးထားပါသည်။ ဘုရားရှင် ပရိနိဗ္ဗာန်မပြုမီ တနှစ်တာကာလမှစ၍ ညီတော်အာနန္ဒာ ပရိနိဗ္ဗာန်စံသည်အထိ နောက်ဆုံးပိုင်းဖြစ်ရပ် ဇာတ်လမ်းများ၊ ဟောကြားသော တရားဒေသနာတော်များကို ရေးသားထားပါသည်။

အမှတ် (၁) စာအုပ်တွင် အလောင်းတော်မင်းသား ဖွားမြင်ခန်းမှ ခမည်းတော်ကြီး သုဒ္ဓေါဒန ပရိနိဗ္ဗာန် စံဝင်ခန်းအထိ ပါဝင်ပါသည်။ ဝေဠုဝန္ဒာလဝန်းကြီးနှင့်အတူ ထွန်းတင့်လာသော ကြယ်တာရာကြီးများကိုလည်း ဖူးတွေ့နိုင်ပါသည်။

အမှတ် (၂) စာအုပ်တွင် သားတော် ရာဟုလာကို သူ့ခမည်းတော်ဘုရားက ဆုံးမပုံများ၊ ဘိက္ခုနီသာသနာ ပေါ်ထွန်းလာပုံများ၊ ရာဟုလာနှင့် သူ့မယ်တော်တို့ ပြန်လည်ဆုံဆည်းကြပုံများ၊ ဝိနည်းတော်ဆိုင်ရာ သိမှတ်သင့်၊ သင်ခန်းစာယူသင့်သောအချက်များ ပါဝင်ပါသည်။

# စကားဦး

အမှတ် (၃) စာအုပ်တွင် သားတော် ရာဟုလာ ရဟန္တာ အရှင်မြတ် ဖြစ်လာပုံ၊ အတ္တ အနတ္တဆိုင်ရာ ဝေဖန်ဆန်းစစ်ချက်များ၊ ဝါဒစစ်ပွဲများ၊ ဘုရားရှင်၏ ပထမဗောဓိမှ ပစ္ဆိမဗောဓိသို့ အကူးအပြောင်းကာလ အတွေ့အကြုံများ၊ ညီတော် အာနန္ဒာက လိုလေသေးမရှိ ပြုစုပုံများကို ဖတ်ရှုနိုင်ကြပါသည်။

အမှတ် (၄) စာအုပ်တွင် သာမဏေကျော်များ၊ သက်နှင်း မဝတ်လိုက်ရသော ရဟန်းများ၊ စံပြ ဒကာ ဒကာမများနှင့် တွေ့ဆုံနိုင်ပါသည်။ ဤစာအုပ်တွင်မူ ဝမ်းသာစရာ၊ ကြည်ညိုစရာ ကြောင်းခြင်းရာများနှင့်အတူ ဝမ်းနည်းဖွယ်၊ စက်ဆုပ်ရွံရှာဖွယ် ဖြစ်ရပ် ဇာတ်လမ်းများလည်း ပါဝင်နေပါသည်။ အပြင်အပ ပုဂ္ဂိုလ်များ၏ လုပ်ကြံ ဖန်တီးမှုများ၊ သာသနာ့အရိပ်အောက်မှာ နေပါလျက် သာသနာ့ပင်စည်ကြီးကို ဖြိုလှဲလိုသော ဒေဝဒတ်၏ လုပ်ရပ်များ၊ ဒေဝဒတ်၏ သားကောင်အဖြစ်သို့ မရှူမလှ ရောက်လာကြရသော အဇာတသတ်တို့ အကြောင်းကို ဖတ်ရှုယင်း သံဝေဂပွားနိုင်ကြပါသည်။ ကိုယ်တော်မြတ်၏ ဇရာလက္ခဏာများ ယှက်သန်းလာချိန်တွင် မယ်တော်ကြီး ဂေါတမီ ပရိနိဗ္ဗာန်ပြုခန်းဖြင့် အမှတ် (၄) စာအုပ်ကို နိဂုံးချုပ်ထားပါသည်။

ဤစာအုပ်ပါ ကြောင်းခြင်းရာ များကိုကား မာတိကာ ကြည့်ရှုလောက်နှင့် မှန်းဆနိုင်ကြပါပြီ။

စကားဦး

ရိုက်နှိပ်ပြီး စာအုပ်များမှ စာရေးသူ၏ ချိုတဲ့ချက်နှင့် ပုံနှိပ်ဘက်ဆိုင်ရာတို့၏ ချိုတဲ့ချက်များကို နောက်နောင် ထပ်မံ၍ ရိုက်နှိပ် ထုတ်ဝေသောအခါ ပြင်ဆင် ရိုက်နှိပ်ရန် တည်းဖြတ်ထားပြီး ဖြစ်ပါသည်။

ဤစာအုပ်အတွက် မှာကြားရန် ရှိသည်မှာ ညီတော်နန္ဒ ပရိနိဗ္ဗာန်စံခန်း ထည့်ထားရခြင်း ဖြစ်ပါသည်။ စာရေးသူ လက်လှမ်း မီသမျှ လေ့လာ ကြည့်ရာတွင် ညီတော် နန္ဒ ကျွတ်တမ်းဝင်ပုံ၊ တေဒဂ်ဂုဏ်ထူးရပုံများသာ နေရာများများ တွေ့ရပါသည်။ ပရိနိဗ္ဗာန် စံပုံကိုကား အမြွက်ကလေးမျှ မတွေ့ရပါ။ ဘုရားရှင် ပရိနိဗ္ဗာန်စံရာတွင် အရှင်အနုရုဒ္ဓါစသော မထေရ်များ အနီးအပါးမှာ ရှိပါလျက် ညီတော်နန္ဒ ပျောက်နေပါသည်။ ပရိနိဗ္ဗာန်စံပြီး၍သာ ဖြစ်စရာရှိသည်ဟု စာရေးသူ၏ အတွေးဖြင့် သားတော် ရာဟုလာ ပရိနိဗ္ဗာန်ပြုခန်းမှာ ပူးတွဲ၍ ရေးသားလိုက်ပါသည်။

ထို့အတူပင် ညီတော်အာနန္ဒာက ဘုရားရှင်၏ မိုးရေခံသင်္ကန်းကို ခြေဖြင့်နင်း၍ ချုပ်ပုံကိုလည်း ဘယ်နေရာ၊ ဘယ်အချိန် ဖြစ်ကြောင်း အထောက်အထား မတွေ့မိသေးပါ။ သံဂါယနာပွဲကြီးမှာ မထေရ်ကြီးများ၏ ပြောစကား အဖြစ်ဖြင့်သာ တွေ့မိပါသည်။ ထို့ကြောင့် ထိုစကားကို အနုသန္ဓေဆက်စပ်ရန် ဝေဠုဝန္တာမှာ ဝါဆိုစဉ် ချုပ်ခဲ့ပုံများကို မိမိစိတ်ကူးဖြင့် ရေးသားလိုက်ပါသည်။

ထို့ပြင် မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာတွင် လိစ္ဆဝီတို့ကို တိုက်ခိုက်ရေးအတွက် ဘုရားရှင်ထံ စုံစမ်းပြီးနောက် များမ

ကြာမိ ဝဿကာရအမတ်ကြီး လိစ္ဆဝီတို့ဘက်သို့ သွေးခွဲရန် ကူးသွားသကဲ့သို့ ဖော်ပြထား၏။ ဘုရားရှင် ပရိနိဗ္ဗာန် ပြုပြီးနောက် သံဂါယနာတင်ရန် ရာဇဂြိုဟ်သို့ ညီတော် အာနန္ဒာ ပြန်ရောက်လာခါမှ ပေါ်ထွက်လာသော ဂေါပက မောဂ္ဂလာနသုတ်တွင် ဝဿကာရ အမတ်ကြီးနှင့် စကားပြောရပုံများ ဖော်ပြထား၏။ ထို့ကြောင့် နေရစ်တော့ ဝေသာလီအခန်းမှ လိစ္ဆဝီတို့၏ ပျက်စီးကြောင်း အစကို လိစ္ဆဝီတို့နှင့် ပတ်သက်၍ ဘုရားရှင် ကိုယ်တော်တိုင် ဟောကြားထားသော သုတ္တန် တပုဒ်နှင့် အနုသန္ဓေ ဆက်စပ်ပေးလိုက်ရပါသည်။

အလောင်းတော်မင်းသား ဖွားမြင်ခန်းမှစ၍ တရိပ်ရိပ် တရှိန်ရှိန် ဆွဲဆောင်ရေးသားလာခဲ့သော ဤဇာတ်လမ်းရှည်ကြီး၏ အထွတ်အထိပ်ကား သံဂါယနာပွဲအတွင်း ညီတော် အာနန္ဒာနှင့် မထေရ်ကြီးများ ထိပ်တိုက်တိုးမိနေကြပုံ ဖြစ်၏။ ဝတ္ထုစာပေ သဘောအားဖြင့် ဆိုရလျှင် ဤအပိုင်းသည် ဇာတ်အရှိန် အမြင့်ဆုံးအပိုင်းဟု ဆိုရပါလိမ့်မည်။ ဇာတ်ရှိန်အမြင့်ဆုံးအပိုင်းမှာ ညီတော်အာနန္ဒာ၏ ,အမြင့်မြတ်ဆုံးသော ဂုဏ်ကျေးဇူးကို ပီပီပြင်ပြင် ဖော်ကျူးလိုက်ရ၍ ဝမ်းမြောက်မိပါသည်။

ဤစာအုပ်နိဂုံးပိုင်း သံဂါယနာခန်းများ ရေးသားနေဆဲမှာပင် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးအကြောင်းကို ရေဒီယိုမှ ကြားနာရပါသည်။ မကြုံစဖူး ထူးထူးခြားခြား တညီတညွတ်တည်း စုစည်းမိကြသော သမ္မုတိရသံဃာတော်

ကြီးများ၏ ဆောင်ရွက်ချက်များကို ကြားနာရလေ၊ ညီတော် အာနန္ဒာ၏သည်းခံစိတ်ဓာတ်ကို ကြည်ညိုလာလေ။ ထို့ကြောင့်လည်း ဤအခန်းကို အားပါးတရ ရေးလိုက်ရပါသည်။

ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်အယူအဆဖြင့် မည်မျှပင် ခိုင်မာနေပါစေ၊ သံဃာ့အဖွဲ့အစည်းကြီး တခုလုံး၏ သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် မိမိဘက်က အလျှော့ ပေးခဲ့ခြင်းသည် ညီတော်အာနန္ဒာ၏ လက်ထက်က ဆင်းသက်လာခဲ့ခြင်း ဖြစ်ပါသည်။ ဤစံနမူနာကို ယူနိုင်ခဲ့ကြ၍သာ ဤသို့ သံဃာထု တရပ်လုံး စုစည်းလာသည်ဟု ယုံကြည်ပါသည်။ အနာဂတ်သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် တည်ဆောက်နေသော အဆောက်အအုံကြီးတွင် ဤစာအုပ်များက သဲပွင့်တဆုပ်၊ ရေတမှုတ်မျှဖြစ်စေ ပါဝင်နိုင်မည်ဟု မျှော်လင့်ပါသည်။

စာဖတ် ပရိသတ်များ၏ စိတ်ဝင်စားမှု၊ စာအုပ်ဈေးနှုန်း ကြီးမြင့်မှုများကို ထောက်ထားရသဖြင့် ညီတော် အာနန္ဒာ၏ တသက်တာ မှတ်တမ်းကြီးကို ၅-အုပ်ဖြင့် အဆုံးသတ်လိုက်ရပါသည်။ သတ်မှတ်ထားသော စာမျက်နှာများတွင် စာဖတ်သူများအတွက် သင်ခန်းစာရနိုင်သော ဇာတ်လမ်းများ၊ လက်ငင်း လက်တွေ့ လိုက်နာကျင့်သုံးနိုင်သော တရားသဘောများ၊ ဉာဏ်ပညာ ပွားစေနိုင်သော ဝေဖန် သုံးသပ်ချက်များကို အတတ်နိုင်ဆုံး ရွေးချယ်၍ တင်ပြထားပါသည်။

အချို့သော နေရာများတွင် ကျမ်းရင်းလာအတိုင်း အခြယ်အမှုန်း မပါပဲ ရေးသားခဲ့ပါသည်။ အချို့ နေရာများမှာတော့

မြောက်ရန်နည်းလမ်းမှာ ကျင့်ဝတ်နှင့် ပြည့်စုံရေးသာ ဖြစ်ပေသည်။ အရှင်ဥပသေနမှာကား မိမိကိုယ်တိုင် ကျင့်ဝတ်နှင့် ပြည့်စုံရုံမက တပည့်အားလုံးကိုပါ ကြည်ညိုဖွယ် ဖြစ်အောင် ဆုံးမသွန်သင်နိုင်သဖြင့် သမန္တပါသာဒိကဓုတင် ဂုဏ်ထူးကို ဆွတ်ခူးနိုင်ခဲ့ပါပေသည်။ စိတ်ကောင်းနှလုံးကောင်း ရှိသူအဖို့ မိမိအပေါ် ပြောလေသမျှ ဆိုလေသမျှ အကျိုးရအောင် ကြံဆောင်နိုင်ကြသည်သာတည်း။

ကျွန်ုပ်၏ တသက်တာမှတ်တမ်း ဇာတ်လမ်းရှည်ကြီးကို ဤအရှင်မြတ်၏ ဥဒါန်းစကားဖြင့် နိဂုံးချုပ်ရမည် ဖြစ်၍ ဤနေရာမှ အမှတ်တရ တင်ပြခြင်း ဖြစ်ပါသည်။

(ပါရာဇိက ကဏ္ဍ၊ နိဿဂ္ဂိပါစိတ်၊ နိသီဒနသန္ထတ သိက္ခာပုဒ်ပါဠိတော်နှင့် အဋ္ဌကထာ၊ အင်္ဂုတ္တရ၊ ဧက ကနိပါတ် အဋ္ဌကထာ၊ ဥပသေန ဝင်္ဂန္တပုတ္တတ္ထေရ ဝတ္ထု)

## မမြင်ရသော ဗြဟ္မာကြီးများ

ဤမျှလောက် အရှိန်အဝါ ကြီးမားလှသော သားသမီးများကို မွေးထုတ်ခဲ့ရသော မယ်တော်ကြီးသည် တဘက်က ကြည့်ပြန်တော့လည်း ကံဆိုးသည်ဟုဆိုရန် ရှိနေ၏။ ထေရီထေရာ ရဟန္တာကြီး ခုနစ်ပါး၏ မယ်တော်ကြီး ဖြစ်ပါလျက် သူ့ခမျာ ယခုထက်ထိ ရတနာသုံးပါးနှင့် မထိတွေ့ရရှာသေးချေ။ အယူအစွဲ ပြင်းထန်လှသော ဗြာဟ္မဏတို့ လမ်းကြောင်းအတိုင်း စိုက်လိုက်မတ်တပ် လိုက်နေဆဲသာ ဖြစ်၏။

## အပြန်မရှိသော ခရီး

အရှင်သာရိပုတ္တရာ၏ မယ်တော်ကြီးကား ကိုယ်တိုင်ကျင့်သုံးရမည့်အစား ထက်ကောင်းကင်က ဗြဟ္မာကြီးများကို လှမ်းမျှော်နေသည်ဟုဆိုကြ၏။ ထိုသို့ အစွဲအလမ်း ကြီးလွန်းလှသဖြင့် သူ့ သားတော် သမီးတော်များသည် ဝေးဝေးက ခွာနေခဲ့ကြဟန် တူပါသည်။ ခုတော့ သားကြီးသြရသက သူ့ရှိရာသို့ ကြွချီပါတော့မည်။ ဤသို့ ကြွချီသွားခြင်းမှာ မယ်တော်ကြီးအား ခြွေချွတ်ရန်သက်သက်သာဖြစ်လျှင် ကောင်းလေစွ။ မယ်တော်ကြီးကို ခြွေချွတ်ပြီးနောက် နောက်ပါ တပည့်ရဟန်းများနှင့်အတူ ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွလာလျှင် ကောင်းလေစွ။ သို့သော် အရှင်မြတ်ကြီး၏ ကြွချီခြင်းကား နောက်ထပ်တဖန် ပြန်ကြွလာရန် မရှိတော့သော ကြွချီခြင်းပါတကား။

## တောင်းပန်ခြင်းနှင့် ခွင့်လွှတ်ခြင်း

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ရှင်တော်မြတ်၏ ခြေတော်အစုံ ကြာပဒုံကို ဦးခိုက် ရှိခိုးခွင့် ရသဖြင့် တပည့်တော်၏ လိုအင်ဆန္ဒများ ပြည့်ဝခဲ့ပါပြီ။ ဘုန်းတော်ကြီးသော ဘုရားရှင်နှင့် တပည့်တော်တို့မှာ နောက်ထပ်တဖန် ဆုံတွေ့ရန် အကြောင်းမရှိတော့ပါ။ အရှင်ဘုရားနှင့် တပည့်တော်တို့၏

ကား ရွှေနှုတ်တော်မှ ထုတ်ဖော်၍ တိုက်တွန်းတော် မူပေသည်။ နဂိုကပင် လိုက်ပို့ရန်ပြင်ဆင်နေကြသော ကျွန်ုပ်တို့မှာ အမိန့်တော်ထွက်လာသည်နှင့် အရံသင့် ဖြစ်သွားကြပေသည်။

အရှင်မြတ်ကြီး၏နောက်ပါးမှ ရဟန်းငါးရာနှင့်အတူ ရှိရှိသမျှ ရဟန်းများလည်း လိုက်ပါသွားကြ၏။ ဇေတဝန်ကျောင်းတိုက်ကြီး တခုလုံးတွင် လိုက်မပို့သူဟူ၍ ဘုရားရှင်တပါးတည်းသာ ရှိပေသည်။ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်များမှလွဲလျှင် အားလုံး မျက်ရည်စက်လက်နှင့် ဖြစ်ကြ၏။ ထိုအထဲမှာ ကျွန်ုပ်ပါဝင်ကြောင်းကိုကား အထူးဖော်ပြရန် လိုမည်မထင်ပါ။

## တရားပြ၍ ဖျောင်းဖျခဲ့သည်

ဇေတဝန် ကျောင်းတော်မှ ထွက်၍ သာဝတ္ထိ မြို့တော်ကိုဖြတ်သွားရပြန်တော့လည်း သတင်းကြားပြီးသော ဒကာဒကာမများက ကြိုဆိုလျက် ရှိကြ၏။ မြို့တံခါးဟူသမျှ ပြည့်ကျပ်၍ နေကြ၏။ သူတို့၏လက်ထဲမှာ ပန်းနံ့သာစသော ပူဇော်ဖွယ်များရှိနေသကဲ့သို့ပင်မျက်နှာအားလုံးမှာလည်းကျမျက်ရည်စိုစို ရွှဲ၍ နေကြပေသည်။

"အို–တပည့်တို့၊ အို–ဒကာ ဒကာမတို့၊ သည်လမ်းခရီးကား မည်သူမျှ ရှောင်လွှဲ၍ မရနိုင်ပေ။ သင်္ခါရတရားတို့သည် ဤသို့ ဖြစ်လေ့ရှိကြ၏။ မိမိ ရရှိထားသော တရားကို မမေ့မလျော့ ကျင့်သုံးပွားများကြကုန်လော့"

## ကျွေးမိခင်၏ စေတနာ

အရှင်မဟာ မောဂ္ဂလာန် မှာလည်း ထို့အတူ ကူညီ စောင့်ရှောက်ပါ၏။ သို့သော် ဤအရှင်မြတ်ကြီးကား သောတာပန် လောက် ရောက်ရုံမျှဖြင့် မျက်နှာမလွှဲပါ။ သကဒါဂါမိ၊ အနာဂါမ် ဖြစ်သည့်တိုင်အောင်ပင် ဥပေက္ခာ မပြုသေးပါ။ ဘုရားရှင်ကိုယ်တော်တိုင်က 'ဝဋ္ဋဘဝ ဝဋ္ဋဒုက္ခာကို လက်ဖြစ် တထွက်လေးမျှပင် ဖြစ်ပါစေ၊ငါဘုရား မချီးမွမ်းပေ၊ အနည်းငယ်မျှသော မစင်သည် အနံ့ဆိုးသကဲ့သို့ အနည်းငယ်မျှကြာသောထိုဒုက္ခသည်လည်း အခံရဆိုးသည်သာတည်း' ဟုမိန့်ကြားတော်မူခဲ့၍ဖြစ်၏။ ဤသို့ဖြင့် ဝဋ္ဋဘဝ ဝဋ္ဋဒုက္ခာဟူသမျှ ရုပ်သိမ်းရာ၊ ချုပ်ငြိမ်းရာ အရဟတ္တဖိုလ်ရောက်ခါမှ မျက်နှာ လွှဲပေတော့သည်။

(ဥပရိပဏ္ဏာသ၊ သစ္စဝိဘင်္ဂသုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

## အနိမိတ္တစေတောသမာဓိ

သီတင်းသုံးဖော် ရဟန်းများအား အရဟတ္တဖိုလ် အရောက်ပို့ဆောင်ရာတွင် အရှင်မောဂ္ဂလာန်သည် မိမိ၏အတွေ့အကြုံဖြင့် သင်ခန်းစာပေး၍ ဟောကြားလေ့ရှိ၏။ ခရီးတဆစ်၌ မိမိကိုယ်တိုင် အဟန့်အတားခံခဲ့ရသည်ကို ဖော်ပြကာ တရားနာသော ရဟန်းများအား ထိုအဟန့်အတားနှင့် မကြုံတွေ့စေရန် သတိပေးလေ့ရှိ၏။

"ငါ့ရှင်တို့၊ အနိမိတ္တစေတောသမာဓိ၊ အနိမိတ္တစေတောသမာဓိဟူ၍ဟောပြောလျက်ရှိကြ၏။ အနိမိတ္တစေတောသမာဓိဟူသည် အဘယ်နည်း။ ဤသို့ ငါကိုယ်တိုင် မေးခွန်း ထုတ်ကြည့်ပြီးလျှင် ငါကိုယ်တိုင်ပင် အဖြေကို တွေ့မြင် လာခဲ့၏။ ဤသာသနာတော်၌ ဘာဝနာစီးဖြန်းသော ရဟန်းသည် နိစ္စသုခစသော အရိပ်နိမိတ်၊ အတွေးအကြံတို့ကို မတွေးမကြံမဖန်တီးမူ၍ ထိုအရိပ်နိမိတ်တို့မှ လွတ်မြောက်ရာ ဝိပဿနာသမာဓိကို ပွားများ၍နေ၏။ ဤသို့နေခြင်းသည်ပင်လျှင် အနိမိတ္တစေတော သမာဓိဖြစ်၏။ ဤသို့ အဖြေတွေ့လာသည့်အတိုင်း ငါသည် နိစ္စသုခစသောအရိပ်နိမိတ် အတွေးအကြံတို့ကို မတွေးမကြံမဖန်တီးမူ၍ ထိုအရိပ်နိမိတ်တို့မှ လွတ်မြောက်ရာ ဝိပဿနာသမာဓိကို ပွားများ၍ နေခဲ့၏။

## အပြင်က အရိပ်နိမိတ်များ ကင်းသော်လည်း

"ငါ့ရှင်တို့၊ ဤကဲ့သို့ပွားများ၍ နေခဲ့သော်လည်း ငါ၏စိတ်သည် နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ခဲ့ပေ။ အရိပ်နိမိတ်တခုက တားဆီးနေ၏။ အပြင်အပက အရိပ်နိမိတ်များကို မတွေးမကြံ၊ မဖန်တီးပဲ နေနိုင်ခဲ့သော်လည်း မိမိအတွင်းက အရိပ်နိမိတ်ကိုကား တွေးမိလျက်သား၊ ကြံမိလျက်သား ဖြစ်နေ၏။ အပြင်အပက အရိပ်နိမိတ်များကို မတွေးမကြံ၊ မဖန်တီးပဲ့ အနိမိတ္တဝိပဿနာကို မိမိစိတ်က ပြန်လည်တွယ်တာမှု ဖြစ်ပွားလာတော့သည်။ အပြင်အပက သုခအရိပ်နိမိတ်ကို ပယ်ခွာနိုင်ပါလျက်

သည် တန်ခိုးကြီးသောအဖြစ်သို့ရောက်၏ဟု ထိုက်ထိုက်တန်တန် ဆိုပါလျှင် ငါ့ကိုသာ ဆိုရန်သာ ရှိပေသည်”

## ဝုဋ္ဌာနဂါမိနီဝိပဿနာ

တန်ခိုးဣဒ္ဓိပါဒ်တို့၏အခြေခံ ဈာန်သမာပတ်များကို အားပါး တရ ဟောကြားလေ့ရှိသော အဂ္ဂသာဝကကြီးသည် ဝိပဿနာ တရားကိုလည်း ပြတ်ပြတ်သားသား ဟောကြားပါပေသည်။ ဤသို့ လောကုတ္တရာသမာဓိနှင့် ယှဉ်လာသဖြင့် တန်ခိုးကြီး သောအရာဝယ် တေဒဂ်ဂုဏ်ထူး ဆွတ်ခူးနိုင်ခြင်းဖြစ်ပေသည်။ တန်ခိုးကြီးသော သာဝကကြီးဟောကြားသော ဝိပဿနာမှာ အခြေခံမျှမကပေ။ အခြေခံမှတဆင့် မဂ်ဖိုလ်စခန်းသို့ တက် လှမ်းနိုင်သော ဝုဋ္ဌာနဂါမိနီဝိပဿနာ ဖြစ်ပေသည်။ (သဠာယတနဝဂ်၊ မောဂ္ဂလာနသံယုတ်၊ ပါဠိတော်နှင့် အဋ္ဌကထာ)

## မမေ့သင့်သော ကျေးဇူးများ

ကျွန်ုပ်တို့ မဇ္ဈိမဒေသ၌ ဗုဒ္ဓသာသနာတော်ကြီး ဤမျှလောက် ပွင့်ထွန်း လာခြင်းမှာ ဤသို့သော အရှင် မြတ်ကြီးတို့၏ အထောက်အကူကြောင့်ဖြစ်၏။ ဗုဒ္ဓမြတ်စွာက ရှေ့ဆုံးမှလမ်းပြ လျက် ကြွသွားတော် မူခဲ့၏။ အဂ္ဂသာဝက အရှင်မြတ်ကြီး များက ဖဝါးခြေဆပ်လိုက်ပါကာ နောက်ပါရဟန်းအပေါင်း ကို ဦးဆောင်ဦးရွက်ပြုကြ၏။ ပစ္စည်းရေး၊ တရားရေး နှစ်မျိုး

ဝါသဘခတ္တိယာကို ကောသလမင်းကြီးက ချစ်မြတ်နိုးသည်နှင့်အမျှ ဝိဋဋူဘ မင်းသားလေးမှာလည်း ချမ်းမြေ့ပျော်ရွှင်စွာ ကြီးပြင်းခဲ့ပါ၏။ ဘာမဆို လိုတာရခဲ့သူ ဖြစ်ပါ၏။ သို့သော် ခုနစ်နှစ်သားအရွယ် လူမှန်းသူမှန်း သိတတ်လာသည်တွင်မူ သူ့မှာ ချို့တဲ့ချက်တခု ရှိနေသည်ကို သူ့ဘာသာတွေ့သွားသည်ဆို၏။ အခြားအခြားသော မင်းသားလေးများမှာ သူတို့မယ်တော်ဘက်က ဘိုးအေ ဘွားအေများထံမှ လက်ဆောင်ပစ္စည်းများ ရရှိကြ၏။ သူ့ဆီကိုကား ဘာလက်ဆောင်တခုမျှရောက်မလာချေ။ အစားအသောက် အဝတ်အဆင်သူလိုချင်သမျှ ရနေပါလျက် ဤချို့တဲ့ချက်ကြောင့် သူ့ခမျာအနေခက်ခဲ့ရ၏။ ထို့ကြောင့် မယ်တော့်ထံမှာ အကျိုးအကြောင်း မေးမြန်းရာ-

''သားတော်၊ သားတော်၏ အဘိုးအဘွားများက ကပိလဝတ်မြို့မှာ နေကြသည်။ ဤသာဝတ္ထိ မြို့တော်ကြီးနှင့် ခရီးအလှမ်းကွာဝေးလှသည်။ ထို့ကြောင့် သားတော်ထံ လက်ဆောင် မပို့နိုင်ကြသည်ကို ဝမ်းမနည်းပါနှင့်''

အဖြေမှန်ကို ပြောပြရန် ခက်လှ၍ ဤမျှဖြင့် နှစ်သိမ့်ပေးရပေသည်။

## ငယ်စဉ်ကနှင့်မတူပြီ

ငယ်ရွယ်စဉ်က ဤမျှဖြင့် ကျေနပ်ခဲ့သော ဝိဋဋူဘသည် တဆယ့်ခြောက်နှစ်သား ရှိလာလျှင်ကား တဆင့်တက်လာပါ

သို့သော် ဤကိစ္စမှာ ကျွန်ုပ် မည်သို့ တတ်နိုင် ပါမည်နည်း။ ဝိဋ္ဋူဘမင်းသား ဘဝက ကယ်ဆယ် ခဲ့ဘူးသော ဘုရားရှင် သည်ပင် သည်အတိုင်းကြည့်နေတော်မူရသည် မဟုတ်ပါလော။

## ဘုရားရှင့်ကျေးဇူးတော်ကြောင့်

ကပိလဝတ်က ပြန်လာချိန်တွင် ဝိဋ္ဋူဘမှာ ကျွန်မသားဖြစ် ကြောင်း အများက သိလာကြ၏။ ကောသလ မင်းကြီးမှာ အညာခံလိုက်ရ၍ ရှက်လည်း ရှက်၏။ မတော်မလျော် ပြုရက် ကြသော သကျမျိုးနွယ်များကိုလည်း စိတ်နာလှ၏။ သို့သော် ဘုရားရှင့် မျက်နှာတော်ကို ထောက်ထားကာ ဆွေတော် မျိုးတော်များကို စစ်ချီချေမှုန်းခြင်း မပြုခဲ့ပါ။ သူ့လက်ထဲက သားအမိကိုသာ ဖိရှဲမဲ့ခဲ့၏။ မင်းညီ မင်းသား၊ မင်းမိဖုရား တို့၏ အဆောင်အယောင် ဟူသမျှကို ဖယ်နုတ်ကာ ကျွန်များ ကြားသို့ ပို့ဆောင်လိုက်၏။ ဤတွင် ဘုရားရှင်က အမိဘက်က မျိုးရိုးထက် ဖခင်ဘက်က မျိုးရိုးသာ အဓိက ဖြစ်ကြောင်း ထုံးဟောင်း သာဓကနှင့်တကွ ဟောပြတော်မူသဖြင့် ဝိဋ္ဋူဘ သားအမိ နဂိုအတိုင်း ပြန်၍ စံစားခဲ့ကြရပေသည်။

ဤသို့သော ကျေးဇူးကို ထောက်ထား၍ ဆွေတော် မျိုးတော်များအား သက်ညှာမည့်အရေးကား ကျွန်ုပ်၏မျှော် လင့်ချက်သာ ဖြစ်ပါသည်။ ကျွန်ုပ်၏ တောင့်တချက်ဟုလည်း ဆိုနိုင်ပါသည်။

## အစကတည်းက မှားခဲ့သည်

ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်၏ တောင့်တချက်ဟူ၍ တခုမျှ မပြည့်ဝခဲ့ပါ။ ပထမဦးစွာ သကျမင်းသမီးတပါး တောင်းလာတုန်းက နောင်တော်ကြီးမဟာနာမ်သည်ရာဇပရိယာယ်ကြွယ်ဝစွာ ဆောင်ရွက်နိုင်လျှင် ကောင်းလေစွ။ နောက်ကြောင်းအေးစွာ ဆောင်ရွက်နိုင်မည့်နည်းလမ်းကို မိမိဘာသာ မရှာဖွေနိုင်လျှင် ဘုရားရှင်ထံ လူလွှတ်၍လျှောက်ထားလျှင် ကောင်းလေစွဟု တောင့်တခဲ့မိ၏။ အကယ်၍ အချိန်မီသာ လျှောက်ထားခဲ့ပါလျှင် ဘုရားရှင်ကလည်း ဆွေတော် မျိုးတော်တို့၏ အကျိုးစီးပွားကို ဆောင်ရွက်တော် မူမည်သာ ဖြစ်ပါ၏။

ရောဟိဏီ အရေးတော် ပေါ်ပေါက်တုန်းက ဆွေတော်မျိုးတော်တို့ မရှုမလှုသေဆုံးကြမည့်ဘေးမှ အချိန်မီ ကယ်တင်တော်မူခဲ့သည် မဟုတ်ပါလော။ သို့သော် သည်တုန်းကလည်း ကျွန်ုပ်၏ တောင့်တချက် မအောင်မြင်ခဲ့ပါ။ ဝါသဘခတ္တိယာကျွန်မကို တကယ့်သကျမင်းသမီးတပါးဟု လည်ဆယ်၍ ပေးခဲ့ကြ၏။ ကောသလမင်းကြီး၏ သံတမန်များ ယုံကြည်စေရန် နည်းပရိယာယ်ဆင်ရာတွင် ကျွန်ုပ်၏ နောင်တော်ကြီးကိုယ်တိုင် ပါဝင်ခဲ့မိ၏။ ဆွေအား မျိုးအားကို မလွန်ဆန် နိုင်၍ဟု အကြောင်းပြမည်ဆိုလျှင် ပြနိုင်ပါ၏။ သို့သော် အမှားကား အမှန်ဖြစ်မလာနိုင်တော့ပါ။

## အမှားနောက်က အမှားများ

နောက်တခါ ဝိဋူဍဘ ဖွားမြင်လာတော့လည်း ကောသလ မင်းကြီးက နောင်တော်ကြီးမဟာနာမ်ထံသို့ အမတ်တယောက် စေလွှတ်လိုက်ပါသေး၏။ မိမိ၏ မျိုးရိုးအမည်ပေးမည့် အစား မယ်တော့်ဘက်က မျိုးရိုးအမည်ပေးနိုင်ရန် ဖြစ်၏။ ဝါသဘ ခတ္တိယာအပေါ် လောသလမင်းကြီးက ဤမျှလောက်ချစ်မြတ် နိုးမှုကို ကျွန်ုပ်တို့ ဆွေတော်မျိုးတော်များ ထောက်ထားနိုင် ခဲ့ကြလျှင်ကောင်းလေစွ။ တကြိမ်တခါ မှားခဲ့သည်ကို အသာ ထားကာ နောင်တခါ မမှားအောင်ရှောင်နိုင်ကြလျှင် ကောင်း လေစွ။ သို့သော် ဆွေတော် မျိုးတော် များနှင့် ပတ်သက် လာလျှင် ကျွန်ုပ်၏ တောင့်တချက် ပြည့်လာရိုး မရှိပါ။ နောင် တော်ကြီး မဟာနာမ်သည် တလေးတစား စေလွှတ် လိုက် သော ကောသလတိုင်းက အမတ်ကိုပင် တော်စွ လျော်စွ ပြောလွှတ်လိုက်၏။ ရောက်လာသော အမတ်က အတန်ငယ် နားလေးနေရှာသာ တော်တော့သည်။

## ကိုယ့်ပေါင် ကိုယ်လှန် မထောင်းလိုပါ

နားလေးလေးနှင့် မှတ်ယူလာခဲ့သော စကားလုံးသည်ပင် ဝိဋူဍဘဟူသော အမည်နာမ ဖြစ်လာရ၏။ ဘုရင်မွေးသည့် မင်းသေွး ဖြစ်ပါလျက် ဝိဋူဍဘမှာ ခမည်းတော်၏ မျိုးရိုး

အမည်လည်း မခံယူခဲ့ရ။ မယ်တော်ဘက်မှ မျိုးရိုးအမည်လည်း မခံယူခဲ့ရ။ တော်စွလျော်စွ ပြောလိုက်သော စကားတခွန်းကို တလွဲတချော် မှတ်ယူလာခဲ့သည့်အတိုင်း ရာသက်ပန် အမည်တွင်သွားရပေတော့သည်။ သူ့ဘက်က ကြည့်လျှင် မည်မျှလောက် အသည်းနာစရာကောင်းပါမည်နည်း။

ဖြစ်မျှားဖြစ်နိုင်မည်ဆိုလျှင် ကျွန်ုပ်၏ ပရိသတ်များရှေ့မှာ ဤ အကြောင်းခြင်းရာကိုမတင်ပြလိုပါ။ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရသော အလုပ်မျိုးကို မလုပ်လိုပါ။ သို့သော်ကျွန်ုပ်၏ တသက်တာ မှတ်တမ်းကြီးတွင် ဤ အကြောင်းခြင်းရာများ ချန်လှပ်ထားခဲ့လျှင် ဟာကွက်တခု ဖြစ်နေရစ်ပါလိမ့်မည်။ ကျွန်ုပ်၏ တသက်တာ အတွေ့အကြုံများကို တင်ပြရာတွင် ကျွန်ုပ်၏ ဆွေတော်မျိုးတော်များလည်း မလွဲသာ မရှောင်သာ ပါလာကြပါလိမ့်မည်။ ဤအကြောင်းခြင်းရာများကို ကြားနာကြရသောအားဖြင့် ကျွန်ုပ်၏ပရိသတ်များသည် မသင့်လျော်သော မာန်မာနတရားများကို အချိန်မီ ပယ်ဖျောက်နိုင်ကြမည်ဟု မျှော်လင့်ပါသည်။

## အမှားတထောင့် အမှားကြီး

အချိန်မီဟူသောစကားကို ကျွန်ုပ်က အမှတ်ထင်ထင် ထည့်၍ ပြောလိုက်ခြင်း ဖြစ်ပါသည်။ ဆွေတော်မျိုးတော်များသည် အထက်ပါ အမှားအယွင်းများလောက်ဖြင့် ရပ်တန့်သွားကြလျှင် မာနကို စွန့်ပယ်ရန် အချိန်မီကြပါသေးသည်။ လက်လွန်

# နောင်တော်ကြီးသို့ အမှတ်တရ

## ကပိလဝတ်မြို့ပျက်ကြီး

ယခုအချိန်မှာတော့ ကပိလဝတ်မြို့တော်ကြီးမှာ အမည်မျှသာ ရှိပါတော့သည်။ မြို့တော်ဟူသည်ထက် မြို့ပျက်ကြီးဟုဆိုမှ ပို၍ ဆီလျော်ပါလိမ့်မည်။

ဝိဍူဍဘ စစ်တပ်ကြီးများက မြေလှန်စနစ်ဖြင့် ဖျက်ဆီးခဲ့ကြသဖြင့် အိမ်ရာတိုက်တာဟူသမျှ ထောင်းထောင်းကြေလျက် ရှိကြသည် ဆိုပါသည်။ ပြေးနိုင်လွှားနိုင် ပုန်းအောင်းနိုင်၍ ကျန်ရစ်သူများမှာလည်း မသေသော် မလှုတမဆိုသကဲ့သို့ ဖြစ်နေကြရ၏။ တိုက်ပျက် အိမ်ပျက်များ ကြားဝယ် ဖြစ်သလို

ထို့ကြောင့် ကျွန်ုပ်တို့သည် အတိတ်ကံအကြောင်းများကို ပယ်လည်းပယ်မနေပဲ၊ တွယ်လည်းတွယ်မနေပဲ ပစ္စုပ္ပန် ဘဝတွင် ကောင်းသောကံများကို အစွမ်းနိုင်ဆုံး စုဆောင်းကြရမည်ဖြစ်၏။ မိမိ–သူတပါး နှစ်ပါးလုံးအတွက် ကောင်းကျိုးဆောင်ကြရမည် ဖြစ်၏။ ကံကြမ္မာ၏ ဖန်တီးမှုကို အာသာငမ်းငမ်း တမ်းတနေမည့်အစား၊ ကံကြမ္မာ၏ ဒဏ်ခတ်မှုကို ခေါင်းငုံ့ခံနေမည့်အစား ကျွန်ုပ်တို့ကလည်း ကံကြမ္မာကိုဖန်တီးကြရမည်ဖြစ်၏။ သို့မှသာ ကံကြမ္မာ၏ ကျေးကျွန်အဖြစ်မှ လွတ်မြောက်ကာ ကျွန်ုပ်တို့ကိုယ်တိုင် ကံကြမ္မာ၏ အရှင်သခင်များ ဖြစ်လာကြပါလိမ့်မည်။

## ဆွေတော် မျိုးတော်တို့၏ ကံ

ထို့ကြောင့် ဆွေတော်မျိုးတော်တို့၏ ရှေးအတိတ်ကံကို ကျွန်ုပ်တို့ဉာဏ်စွမ်းသက်သက်ဖြင့် မသိနိုင်မမြင်နိုင်သော်လည်း ထိုကဲ့သို့ အထောက်အကူပြုသော ပစ္စုပ္ပန် ကံများကိုကား ကျွန်ုပ်တို့ မျက်ဝါးထင်ထင် မြင်နိုင်ကြပေသည်။ သားစဉ်မြေးဆက် လက်ဆင့်ကမ်းလာခဲ့ကြသော မာန်မာနဖြင့် ပြောခဲ့မိ၊ ပြုခဲ့မိသော အမှုများသည်ပင် သူတို့၏ ပစ္စုပ္ပန်ကံတို့ ဖြစ်ကြပေသည်။

နောင်တော်ကြီး မဟာနာမ်သည် လွှမ်းမိုးစွာ မာနထားနေကြသော ဆွေတော်မျိုးတော်များအား ဖိဖိစီးစီးထိန်းနိုင်ခဲ့ပါလျှင် ယခုလို အဖြစ်ဆိုးနှင့် တွေ့ရမည်မထင်ပါ။ ယခု

အသာရ၏။ သို့သော် တနိုင်ငံက တနိုင်ငံကို အပြတ်အသတ် ချေမှုန်းနိုင်ခြင်းကား မရှိပါ။ အင်အားချင်းမျှနေကြ၍ ဖြစ်ပါသည်။

နှစ်နိုင်ငံ စပ်ကြားမှာ စစ်မက် ဖြစ်ပွား ခဲ့ရသော်လည်း ကောသလမင်းကြီးနှင့် အဇာတသတ်မင်းတို့မှာ တူဝရီးအရင်းအချာ ဖြစ်ကြ၏။ အဇာတသတ်မင်း၏မယ်တော် ဝေဒေဟီ မိဖုရားကြီးသည် ကောသလမင်းကြီး၏ နှမအရင်း ဖြစ်၏။ ခမည်းတော် မဟာကောသလမင်းမင်းကြီးရှိစဉ်က သမီးတော် ဝေဒေဟီနှင့် ဗိမ္ဗိသာရမင်းတို့၏ လက်ထပ်မင်္ဂလာတွင် အခွန်တသိန်းထွက်သော ကာသိရွာကြီးကို လက်ဖွဲ့ခဲ့၏။ နှစ်နိုင်ငံ နယ်စပ်အနီးက ရွာကြီးဖြစ်၏။ ဟိုတချိန်က အဇာတသတ်သည် ထီးနန်းစည်းစိမ်အတွက် ခမည်းတော်ကြီးကို ရက်စက်စွာသတ်ခဲ့၏။ ခမည်းတော်ကြီးနှင့် ကွေကွင်းရသော ဒဏ်ချက်ဖြင့် မယ်တော်ကြီး ဝေဒေဟီမှာလည်း ကွယ်လွန်ခဲ့၏။ ဤတွင် ကောသလမင်းကြီးက “အဇာတသတ်သည် ခမည်းတော်ရော မယ်တော်ကိုပါ သတ်ခဲ့၏။ မယ်တော် မရှိတော့သဖြင့် သူ့အတွက် လက်ဖွဲ့လိုက်သော ကာသိရွာကြီးသည် အဇာတသတ်နှင့် မဆိုင်တော့။ ငါ့ခမည်းတော်၏ရွာသည် ငါ့ရွာပင် ဖြစ်တော့သည်” ဟု အရေးဆို၏။ အဇာတသတ်မင်းကလည်း ဦးရီးတော်စကားကို လက်မခံပါ။ သည်ရွာကြီးကို လက်ဝယ်ပိုင်ထားနိုင်ရေးအတွက် စစ်ပွဲကြီး ဆင်နွှဲပါတော့သည်။

(သဂါထာဝဂ်၊ ကောသလသံယုတ်၊ ပထမသံဂါမသုတ်၊ အဋ္ဌကထာ)

ကြ၏။ သို့သော် မဂဓဘက်က မလာခင် ဝဇ္ဇီတို့က တပ်ချီ၍ ရောက်လာကြ၏။ တွေ့ရှိသော ရတနာများကို တခုမကျန် သိမ်းကျုံး၍ ယူသွားကြ၏။ အဇာတသတ်မင်း ရောက်လာ ချိန်မှာကား နေရာမျှသာ ပြစရာရှိပါတော့သည်။ ကြီးမား လှသော စစ်တပ်ကြီးများကိုစုစည်းယင်း နေ့ရွှေ့ရက်ရွှေ့ ရွှေ့ ခဲ့ရပြန်ပင် ဖြစ်ပါလိမ့်မည်။

## ဝရှိ၍ ဝိလုပ်ကြသူများ

အလာ ကောင်းပါလျက် အရောက် နှောင်းခဲ့သော အဇာ တသတ်မင်းသည် မိမိ၏ ချွတ်ချော်ချက်ကို အချိန်မီ ပြုပြင်ရမည့် အစား လက်ဦးသွားသူများကိုသာ မျက်မာန်ပွားနေဟန် ရှိ ပါသည်။ ထိုကြောင့်ပင် ယခုနှစ် ရတနာများ မျှော်ပါလာ တော့လည်း လက်လွှတ်ခဲ့ရပြန်ပါပြီ။ အဇာတသတ် မင်း၏ ဒေါသဇောများ အထွတ်အထိပ်သို့ ရောက်သွား ကြပါလိမ့် မည်။ဖြစ်များ ဖြစ်နိုင်မည်ဆိုပါလျှင် ဝိဍူဍဘ၏ လမ်းကြောင်း အတိုင်း နေ့မဆိုင်း ညမဆိုင်း လိုက်မိပါလိမ့်မည်။ သို့သော် ဝဇ္ဇီတို့ကား သကျတို့လို မဟုတ်ချေတကား။

အားမနာတမ်း ပြောကြစို့ဆိုလျှင် ကျွန်ုပ်တို့ ဆွေတော် မျိုးတော်များသည် ဝမရှိပဲ ဝိလုပ်ကြသူများ ဖြစ်၏။ နိုင်ငံ ကြီးများကို အံတုနိုင်သော စစ်အင်အားသည်လည်းကောင်း၊ အဆက်မပြတ် စစ်ရေးလေ့ကျင့်ခြင်းသည်လည်းကောင်း သူတို့ မှာ မရှိပါ။ ကျွမ်းကျင်ပါးနပ်သော နိုင်ငံရေး နည်းပရိယာယ်

လက်မခံပဲ ကောင်းမြတ်သော စိတ်အကြံအစည် များကိုသာ ပွားများခြင်း၊ ဈာန်လေးပါးတို့ကို မပင်မပန်း ချမ်းသာစွာ ရရှိခြင်း၊ အရဟတ္တဖိုလ်ကို မျက်မှောက် ပြုနိုင်ခြင်း၊ ဤသို့သော ဂုဏ်အင်္ဂါလေးပါးနှင့် ပြည့်စုံသောသူကို ယောကျ်ားမြတ်ဟူ၍ ငါဘုရား သတ်မှတ်ပေသည်”

ဤစကားကို ထောက်ခံရန်သော်လည်းကောင်း၊ ကန့်ကွက်ရန်သော်လည်းကောင်း ဘုရားရှင် မဖိတ်ခေါ်ခဲ့ပါ။ သို့သော် ဝဿကာရ အမတ်ကြီးကတော့ အားပါးတရ ထောက်ခံခဲ့ပေ၏။ ဘုရားရှင်ကိုယ်တော်မြတ်သည် ဤ ဂုဏ်အင်္ဂါလေးပါးနှင့် ပြည့်စုံသော ယောကျ်ားမြတ်ဖြစ်ကြောင်း ချီးကျူး၍ သွားခဲ့ပေသည်။

(အင်္ဂုတ္တရ၊ စတုက္ကနိပါတ်၊ ပထမပဏ္ဏာသက၊ စက္ကဝဂ်၊
ဝဿကာရသုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

## ကျောက်ဆောင်ကြားသို့ လိုက်လာသည်

ယခုတခေါက် သူရောက်ရသည်ကား ဝေဠုဝန်ကျောင်းတော် မဟုတ်ပါ။ ဂိဇ္ဈကုဋ်တောင်ပေါ်သို့ တက်လိုက်လာရပါသည်။ သကျမျိုးပြုတ် စစ်ပွဲကြီး ပြီးကတည်းက ဘုရားရှင်နှင့်တကွ ကျွန်ုပ်တို့တတွေ ရာဇဂြိုဟ်သို့လာခဲ့ကြ၏။ ဝေဠုဝန်ကျောင်းတော်မှာဆိုလျှင် ရဟန်းပရိသတ်၊ လူပရိသတ်များ ပေါများလွန်းသဖြင့် ဤ တောင်၏ ကျောက်ဆောင်ရိပ်များသို့ မကြာ

''အာနန္ဒာ၊ ဝဇ္ဇီတို့သည် လူများစွာတို့ ကိုးကွယ်ဆည်းကပ်နေသော ဘာသာရေး အဆောက် အအုံ များကို ရိုသေစွာ စောင့်ရှောက်ပေးကြ၏ဟု သင်ကြားဘူးပါသလော''

''ကြားဘူးပါသည် အရှင်ဘုရား''

''အာနန္ဒာ၊ ဝဇ္ဇီတို့သည် မိမိတို့ နိုင်ငံသို့ ရောက်လာကြသော သာသနာပြု သူတော်စင်များကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြ၏။ ရောက်နှင့်ပြီးသော သူတော်စင် များကိုလည်း တနားဥပဒေနှင့် လျော်ညီသောအစောင့်အရှောက်ကို ပေးကြကုန်၏ဟု သင်ကြားဘူးပါသလော''

''ကြားဘူးပါသည် အရှင်ဘုရား''

''အာနန္ဒာ၊ ဝဇ္ဇီတို့သည် ဤသို့သော ကြီးပွားကြောင်းတရား ခုနစ်ပါးတို့နှင့် ပြည့်စုံနေသမျှ ကာလပတ်လုံး သူတို့အတွက် ထိုးတက် ကြီးပွားခြင်းသာ ဖြစ်လတ္တံ့။ ဆုတ်ယုတ်ပျက်စီးခြင်း ဟူ၍ မရှိနိုင်ပေ''

## ဘုရားရှင်၏ စေတနာ မေတ္တာ

ဤစကားများကို ထောက်ခြင်းအားဖြင့် ဝဇ္ဇီတို့အပေါ်ထားရှိသော ဘုရားရှင်၏ စေတနာ မေတ္တာဓာတ်ကို သိသာနိုင်ပေသည်။ ဂဏအုပ်ချုပ်ရေး နိုင်ငံငယ် တခုမှာ ဖွားမြင် ခဲ့သော ဘုရားရှင်က ဂဏအုပ်ချုပ်ရေး နိုင်ငံငယ် တခုအပေါ် ဤသို့ စေတနာ မေတ္တာထားခြင်းမှာ သဘာဝကျပါပေသည်။

ကာမဂုဏ်နယ်မှ လူသားများကဲ့သို့ ရုန်းရင်းကြမ်းတမ်းသည် မဟုတ်ပါ။ သိမ်သိမ်မွေ့မွေ့လေးသာ ဖြစ်ပါ၏။ ဤသို့သိမ်မွေ့ နေ၍လည်း အငယ်ရ အနုတ်ရ ခက်နေဟန် ရှိပါသည်။

## သံယောဇဉ်ကို ခင်တွယ်သည်

အမှန်ဆိုရသော် ထိုစဉ်တုန်းက ကျွန်ုပ်သည် ဤသို့သော သံယောဇဉ်ကို ပယ်နုတ်လိုစိတ် မရှိပါ။ ဤသို့သောသံယောဇဉ် ကြောင့် ဘဝတသက်တာတွင် မျက်ရည်ကြီးငယ်ကျခဲ့ရပေါင်း များလှပါပြီ။ ရှိုက်ကြီးတငင် ငိုပွဲဆင်ခဲ့ရပေါင်း များလှပါပြီ။ သို့သော် ကျွန်ုပ်မှာ ဤအကြွေးများကို ပြေငြိမ်းခြင်း မရှိသေးပါ။ ငြိမ်းအေးစေရာဟူ၍ အသိအမြင် မပေါ်လာသေးပါ။ သံယောဇဉ် ဟူသမျှ အနုအရင့်မချန်၊ အားလုံးကုန် ပယ်စွန့်ရေးအတွက် ဟောကြားထားသော ဒေသနာတော်များကို ကျွန်ုပ် ကြိမ်ဖန် များစွာ ကြားနာခဲ့ရ၏။ အကြောင်းသင့်သော အခါတိုင်း ကျွန်ုပ်ကလည်း ဤဒေသနာတော်များကို တဆင့်ဟောပြရ၏။ ကျွန်ုပ်ထံမှ ကြားနာရ၍ သံယောဇဉ်ဟူသမျှ တစမကျန် ပြတ် တောက်သွားသူတွေ များလှပါပြီ။ ကျွန်ုပ်မှာတော့ ရောက် လေရာရာတွင် သံယောဇဉ်အမျှင်ကလေးတွေက တိုးလို့ တန်း လန်း ရှိနေဆဲ ဖြစ်၏။

## ကွယ်လွန်သူများ၏ ရှေ့ခရီး

သံယောဇဉ်ကြောင့် စိတ်နှလုံးနာကျင်နေရသော ကျွန်ုပ်သည် ဤဝေဒနာတို့မှ သက်သာခွင့်ရနိုင်ရန် ဘုရားရှင့်ထံ ဝင်ရောက်

ဗုဒ္ဓဂုဏ်တော်ကို ကြည်ညိုရမှတဆင့် ကိုယ်တိုင်ကိုယ်ကျ သိမြင်ရသော သန္ဒိဋ္ဌိကမေ့ ဂုဏ်တော်၊ ကောင်းစွာ ကျင့်သုံးခြင်းဟူသော သုပ္ပဋိပန္န သံဃာ့ဂုဏ်တော်များကိုလည်း ဆက်လက်၍ ကြည်ညိုနိုင်ပေသည်။ အခြားအခြားသော ဂုဏ်တော်များကိုလည်း လက်လှမ်းမီသမျှ ကြည်ညို၍ ရနိုင်ကြပါလိမ့်မည်။

(သုတ်မဟာဝဂ်၊ မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

## မဂ္ဂင်ထိုက်သော သီလ

အရိယာတို့ ချစ်မြတ်နိုးသော ငါးပါးသီလ စောင့်ထိန်းရာတွင် မဂ္ဂင်သီလဖြစ်နိုင်ကြရန် ဗြဟ္မဏသစ္စသုတ်က ဤသို့လမ်းညွှန်ထားပေသည်။

"အို ပရိဗိုဇ်တို့၊ ဤသာသနာတော်၌ သူတော်သူမြတ်တဦးသည် သတ္တဝါဟူသမျှကို မသတ်ထိုက်ဟုဆို၏။ ဤသို့ ဆိုခြင်းသည် မှန်ကန်သည်သာဖြစ်၏။ မှားယွင်းချွတ်ချော်ခြင်း မရှိပါပေ။ ထိုသို့ဆိုခဲ့သည့်အတိုင်း သတ္တဝါများကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်းဖြင့် ငါ ရဟန်းဟူ၍ လည်းကောင်း၊ ငါ သူတော်သူမြတ်ဟူ၍ လည်းကောင်း မာန်မူခြင်းမရှိပေ။ သူများသီလထက် ငါ့သီလက သာသည်ဟူ၍ လည်းကောင်း၊ သူများသီလနှင့် ငါ့သီလက ယုတ်ညံ့သည် ဟူ၍လည်းကောင်း မာန်မူခြင်းမရှိပေ။ သူတပါးအသက်ကို မသတ်သဖြင့် အသတ်လွတ်နေသည့်အတိုင်း မှန်ကန်သော နိရာမိသစ္စာကို ကိုယ်ပိုင်

ကျွန်ုပ် သင်္ကန်းများကိုချုပ်ရာတွင် တဘက်အစကို ခြေမှာနင်း၍ တင်းတင်းပါအောင် ဒူးနှင့် တဲထားကာ မိမိဘာသာချုပ်နေကျဖြစ်၏။ ရဟန်းတို့၏ သင်္ကန်းကို မဂ္ဂဇ လယ်ကွင်းများကို နမူနာထား၍ ချုပ်နိုင်ရန် ကျွန်ုပ်ပင် စီမံပေးခဲ့ရ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် အချုပ် အလုပ် ဝါသနာ ပါပါသည်။ လုပ်နေကျမို့ ကျွမ်းကျင်နေပါသည်။ ဘုရားရှင်၏ သင်္ကန်းများကို ချုပ်ကြစို့ဆိုလျှင်ကား ကျွန်ုပ်၏ဉာဏ်စွမ်းရှိသမျှ လက်စွမ်းရှိသမျှ အလှပဆုံး၊ အသေသပ်ဆုံး ဖြစ်အောင် ချုပ်လုပ်ပေးခဲ့ပါသည်။

## တသက်တာမှာ ဤတခါ

ဘုရားရှင်၏ သင်္ကန်းများကို ချုပ်ရာတွင် ရိုသေလေးစားသောအားဖြင့် တဘက်အစကို ခြေထောက်ဖြင့် နင်းထားပြီး မချုပ်ခဲ့ပါ။ ရဟန်းတပါးပါး၊ သို့မဟုတ် သာမဏေ တပါးပါးကို အကိုင်ခိုင်း၍ဖြစ်စေ၊ တိုင်တခုခုမှာ တွယ်ချိတ်၍ဖြစ်စေ ချုပ်လုပ်ခဲ့ပါသည်။ သို့ရာတွင် ထိုဝါတွင်းမှာတုန်းက တကြိမ်တခါမျှ မပြုခဲ့ဘူးသော အမှုကို ပြုခဲ့ရပါသည်။ အဖော်ရဟန်းကလည်း မရှိ။ ရွာထဲက ဒကာ ဒကာမ များကိုလည်း အကူအညီ မခေါ်လို။ တွယ်စရာ ချိတ်စရာကလည်း ကာရန်တသင့်မရှိသဖြင့် ဘုရားရှင်၏ မိုးရေခံ သင်္ကန်းကို ချုပ်ရာတွင် တဘက်အနားကို ခြေထောက်ဖြင့် နင်းဖိ ထားခဲ့ရပါသည်။

တသက်နှင့် တကိုယ် ဤတကြိမ်သာ ပြုခဲ့မိသော အမှုကို ကျူးလွန်ပ်သည် အမှတ်တမဲ့သာ ပြုခဲ့မိခြင်း ဖြစ်ပါ၏။ ဘုရားရှင်၏ ဝမ်းကိစ္စပေါ်ပေါက်လာလျှင် အရံသင့် ဖြစ်နေစေရန် စိတ်စောနေမိ၍သာ ဖြစ်၏။ သို့ရာတွင် ဤကိစ္စကို တဘက်သော အဖို့မှ ရှုမြင်ကြသော ပုဂ္ဂိုလ်ကြီး များလည်း ရှိနေသဖြင့် ဤကိစ္စနှင့်ပတ်သက်၍ ကျူးလွန်ပ် အကျပ် အတည်း တွေ့ခဲ့ရပုံကို သက်ဆိုင်ရာ အခန်းကျမှ ဆက်လက်၍ တင်ပြပါဦးမည်။

## ဝေဒနာဆိုးသော်လည်း စိတ်မဆိုးပါ

ခြေတော်ရင်းမှာထိုင်ရင်း သက်သာလာနိုးလာနိုးနှင့် မျှော်ကိုးခဲ့ရသော်လည်း မျှော်ရကျိုးကား မနပ်ပါချေ။ ဖြစ်လာသည့် အချိန်မှစ၍ ရောဂါဝေဒနာများက သက်သာသည် ဟူ၍ မရှိပါ။ တိုးမြဲတိုင်းသာ တိုးနေ၏။ တော်ရုံတန်ရုံ ပုဂ္ဂိုလ်မျိုးဆိုလျှင် ဤရောဂါနှင့် အသက်ပါသွားနိုင်၏။ ဘုရားရှင်ကတော့ ဆိုးရွားလှသော ဝေဒနာများအတွက် တချက်လေးမျှ မတွန့်ပါချေ။ ညည်းတွားခြင်းလည်း မရှိပါချေ။ မလွတ်သာဇာတ်ခွါ၍ မရနိုင်သော ဝိပါကဝဋ်တရားကြီးကို တည်စွာ ငြိမ်သက်စွာ သည်းခံလျက်သာ ရှိပေသည်။

## ကိုယ့်တာဝန်ကိုယ်သာယူမည်

ဤသို့ ပြုစုလုပ်ကျွေးယင်း ရက်ပေါင်း မည်မျှ ကြာလာသည် မမှတ်မိပါ။ ရက်ကိုအသာထား၍ တခါတရံ အရပ်မျက်နှာ

ကွယ်လွန်သောသတင်းကို ဆက်ကာ ဆက်ကာ ကြားခဲ့ရပေသည်။ သိဟောင်း ကျွမ်းဟောင်း များနှင့် တကျော့တဖန်ပြန်လည် ဆုံဆည်းရ၍ဝမ်းသာရသည်ကတဘက်။ သွားလေသူများအတွက် ဝမ်းနည်းရသည်ကတဖုံ။ လူတိုင်းလိုလို တွေ့ကြုံရသော ဤလောကဓံသည် ချစ်ခင်တွယ်တာ တတ်လွန်းသော ကျွန်ုပ်အဖို့ ပိုမို၍ အလေးချိန်စီးနေပေသည်။

ဝမ်းနည်းဝမ်းသာ ဝေဒနာနှစ်မျိုးကို တလှည့်စီခံစားယင်း အမြို့မြို့ အရွာရွာသို့ ရောက်ခဲ့ရ၏။ ရက်လများစွာ ကျော်လွန်လာခဲ့၏။ ဤသို့ဖြင့် ကျွန်ုပ်၏ စိတ်နှလုံး အချောက်ချားရဆုံးသောနေ့သို့ ဆိုက်ရောက်လာရခြင်း ဖြစ်ပေသည်။

## စာပါလနတ်ကွန်းသို့

ထိုနေ့နံနက်က ဘုရားရှင်သည် ဝေသာလီ မြို့တော်တွင်းသို့ ဆွမ်းခံကြွတော်မူ၏။ ကျွန်ုပ်တို့ တတွေလည်း နောက်တော်ပါးမှ လိုက်ပါကြ၏။ ကျွန်ုပ်တို့အလာကို အရံသင့်စောင့်ကြိုနေကြသော ဒကာ ဒကာမများက မြိန်မြတ်သော ဆွမ်းဘောဇဉ်များ လောင်းလှူကြ၏။ ကျောင်းတော်၌ ဆွမ်းကိစ္စများ ပြီးစီးသောအခါ ဘုရားရှင်က—

"အာနန္ဒာ၊ သားရေနယ်ကို ယူခဲ့လော့။ နေ့လယ်ခင်းမှာ အပန်းဖြေနေထိုင်ရန် စာပါလနတ်ကွန်းသို့ သွားကြကုန်အံ့"

"ကောင်းပါပြီ အရှင်ဘုရား"

စိတ်သဘောထား ပြည့်ဝလှသော အရှင်အဋ္ဌုက က သူ၏ သေရေး ရှင်ရေးကိစ္စကြီးကို ကျွန်ုပ်လက်သို့ အပ်နှံလာပါ၏။ မိမိအား သာသနာ့ဘောင်မှ ရွေ့လျော သွားအောင် ပြောကြားထားသော ပုဂ္ဂိုလ်တဦးထံ ယုံယုံကြည်ကြည်အပ်နှံ ရဲသော စိတ်ဓာတ်မျိုးမှာ နှယ်နှယ်ရရ မဟုတ်နိုင်ပါ။

## တပါးပါးတော့ မှားရပေမည်

စောစောက ကျွန်ုပ် ရုတ်တရက် ပြောကြားခဲ့သည်မှာ အရှင် အဋ္ဌုက မျက်ကွယ်မှာဖြစ်၏။ ကျွန်ုပ်တို့နှစ်ဦးချင်း ပြောကြား ခဲ့ခြင်းဖြစ်၏။ သို့သော် ဤစကားက သံဃာ့ပရိသတ်ကြားသို့ ပြန့်ပွားသွားပြီဖြစ်ရာ ဤစကားကို ဝိနည်းတော်နှင့်အညီ ပြန် လည်သုံးသပ်ရပါတော့မည်။ ခြေခြေမြစ်မြစ် စစ်ဆေးရပါ တော့မည်။ အကယ်၍ အရှင်အဋ္ဌုကသည် တူဖြစ်သူဘက်သို့ ဆန္ဒာဂတိ လိုက်ပါခဲ့ရိုးမှန်လျှင် ကျွန်ုပ် ပြောခဲ့သည့်အတိုင်း သာသနာတော်မှ ရွေ့လျော ရပေတော့မည်။ အကယ်၍ အခြားအကြောင်းများ ရှိနေသေးလျှင် ကျွန်ုပ်၏ စကားကို တရားဝင် ရုပ်သိမ်းရပါလိမ့်မည်။

## ကျွန်ုပ်နှင့် အရှင်ဥပါလိ

တကယ်တော့ဖြင့် စောဒက ပုဂ္ဂိုလ်ဟူသည် ဝိနိစ္ဆယ အဆုံး အဖြတ်ပေးသူ မလုပ်ထိုက်ပါ။ သို့သော် ကာယကံရှင် ကိုယ်

ဤကျောင်းသို့ ကျွန်ုပ်တို့ရောက်၍ မကြာမီတွင် ကျောင်းဒကာ စုန္ဒသည် မိသားစုနှင့်တကွ လာရောက်၍ ရှိခိုးဦးခိုက်၏။ ပါလာသမျှ ရဟန်းအပေါင်းနှင့်တကွ ဘုရားရှင်ကို နက်ဖြန်နံနက်ဆွမ်း ကပ်လိုပါကြောင်း လျှောက်ထား၏။ ကျောင်းဒကာ စုန္ဒကား ဘုရားရှင်၏ နောက်ဆုံး ဆွမ်းဒကာ ဖြစ်ပါလိမ့်မည်။

## နောက်ဆုံးအာဟာရ

နောက်တနေ့ နံနက် ကျောင်းဒကာ စုန္ဒ အိမ်သို့ ကျွန်ုပ်တို့ရောက်သောအခါ ထူးဆန်းသော အစားအစာ တခုကို တွေ့မြင်ရ၏။ ကပ်ရိုး ကပ်စဉ် သာမန် ဆွမ်းဘောဇဉ်များအပြင် အထူး တလည် ပြုပြင် စီမံထားသော ဝက်သား ဟင်းလျာ ဖြစ်၏။ အဆင်အသွေးနှင့် အနံ့အသက်ကိုထောက်ဆ၍ ဇွန်းနှင့် တို့ရုံနှင့် ကြေသွား လောက်အောင် ချက်ပြုတ် ထားကြောင်း သိနိုင်ပါသည်။ ဒိဋ္ဌသရဏဂုံ တည်ပြီးသော ဒကာ ဖြစ်၍ အစွန်းသုံးပါးမှ လွတ်ကင်းသော ပံ့သကူသားကို ရှာဖွေ၍ ချက်ပြုတ်ထားခြင်း ဖြစ်ပါလိမ့်မည်။

"စုန္ဒ၊ ဝက်သားဟင်းလျာကို ငါဘုရားအား ဆက်ကပ်လော့။ အခြား အခြားသော ခဲဖွယ်ဘောဇဉ် တို့ကို ရဟန်းသံဃာအား ဆက်ကပ်လော့"

ဆွမ်းပွဲသို့ ထိုင်မိသည်နှင့် ဘုရားရှင်က မိန့်ကြားတော်မူလိုက်၏။ ကျောင်းဒကာ စုန္ဒကလည်း မိန့်တော်မူသည့်

ရ၏။ အံ့ဩဖွယ်ရှိလေစွ။ မဖြစ်စဖူးထူးကဲပေစွ။ ဘုရားရှင်၏ ဘုန်းတန်ခိုးအာနုဘော် ကြီးမားပေစွ။ စောစောက ရှုံနှစ် ထ၍ နောက်ကျုနေခဲ့သော ရေသည် ယခု အနယ်အမှုန် မရှိ။ ပကတိ ကြည်လင်၍ နေပါပြီကော။

ကြည်လင်အေးမြသော ရေများကို ဝမ်းသာအားရ သပိတ်နှင့် ခပ်ယူပြီးလျှင် ဘုရားရှင်ထံ ဆက်ကပ်ရ၏။ ခန္ဓာကိုယ်တခုလုံးမှ ရေဓာတ်များ ဆုတ်ယုတ်နေပြီမို့ ကိုယ်တော်မြတ်ကလည်း ကျွန်ုပ်ဆက်ကပ်သောရေကို အားပါးတရ သောက်တော် မူပေသည်။

## နောက်ဆုံး သင်္ကန်းဒကာ

ဤသစ်ပင်ရင်း၌ အနားယူတော်မူနေစဉ်မှာပင် နောက်ဆုံး သင်္ကန်းဒကာ ရောက်လာခဲ့၏။ နောက်ဆုံး သင်္ကန်း ဒကာ ပုက္ကုသသည် ကုသိနာရုံမှ မလ္လမင်းမျိုးထဲက ဖြစ်၏။ မလ္လ အမျိုးသားတို့မှာလည်း ကျွန်ုပ်တို့၏ သကျအမျိုးသားများကဲ့သို့ အလှည့်ကျ မင်းလုပ်ကြသူများ ဖြစ်၏။ မင်းလုပ်ရန် တာဝန်ကျသူများက ရာဇာအမည်ခံယူကာ လွှတ်တော်မှာ အမြဲတစေ နေရ၏။ နိုင်ငံအုပ်ချုပ်ရန် တာဝန် မကျသေးသူများကား ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်နေကြ၏။ ယခု ပုက္ကုသမှာလည်း တိုင်းပြည်အုပ်ချုပ်ရန်တာဝန်မကျသေး၍ ကုသိနာရုံမှ ကုန်စည်များကို လှည်းငါးရာနှင့် တင်ကာ ပါဝါမြို့သို့ ထွက်လာခဲ့ပေသည်။

## ဆရာဟောင်းကို သတိရ၍

ပုက္ကုသသည် မူလက ဘုရားရှင်နှင့်နီးစပ်သူမဟုတ်ပေ။ အာဠာရကာလာမ ဟူသော ပရိဗိုဇ် ရဟန်းတပါးကို ကိုးကွယ်သူဖြစ်၏။ အာဠာရကာလာမမှာလည်း သာမညပုဂ္ဂိုလ်တော့မဟုတ်ပါ။ လောကီစျာန်များရထားသူ ဖြစ်၏။ ရရှိထားသောစျာန်သမာပတ်ကိုဝင်စားကာ ငြိမ်သက်စွာနေတတ်သူ ဖြစ်၏။ ထို့ကြောင့် ပုက္ကုသသည် သစ်ပင်ရိပ်မှ ဘုရားရှင်ကို မြင်လျှင်မြင်ချင်း သူ့ဆရာကို သတိရကာ—

“အရှင်ဘုရား၊ အံ့ဩဖွယ်ရှိပေစွ၊ မဖြစ်ဖူး ထူးကဲပေစွ။ ရဟန်းတို့သည် ငြိမ်သက်သော စျာန်သမာပတ်ဖြင့် နေတတ်ကြပါပေစွ။ တခါတုန်းက အာဠာရကာလာမသည် ခရီးသွားယင်း လမ်းဘေးက သစ်ပင်ရိပ်မှာ နေခိုယင်း ထိုင်နေခဲ့ဘူးပါ၏။ မကြာမီ ခရီးသွားယောကျ်ားတကောက် သူ့ထံပါးသို့ ရောက်လာကာ ‘အရှင်ဘုရား၊ ဤအနားမှ လှည်းငါးရာ ဖြတ်သွားသည်ကို မြင်မိပါသလား’ ဟု လျှောက်ပါသည်။ အာဠာရကာလာမက ‘မမြင်လိုက်ပါ’ ဟု ပြန်ပြောပါသည်။ ‘အသံကို ကြားပါသလား’ ဟု လျှောက်ပြန် တော့လည်း ‘မကြားလိုက်ပါ’ ဟုသာ ပြန်ပြောပါသည်။ ဤတွင် ခရီးသွား ယောကျ်ားက ‘အရှင်ဘုရား၊ အိပ်ပျော်နေပါသလား’ ဟု လျှောက်ရာ အာဠာရကာလာမက ‘အိပ်မပျော်ပါ’ ဟု ပြန်ပြောပါသည်။ အာဠာရကာလာမ၏ သက်န်းကြီးပေါ်

ဝယ် ဖုန်မှုန့်များ တင်နေရှိသော ဤအနားမှ လှည်းများစွာ ဖြတ်သွားကြောင်းကို သိရပါသတဲ့ဘုရား"

သူ့ဆရာ၏ လောကီစျာန် သမာပတ်ကိုပင် အဟုတ်ကြီး ထင်ကာ အားပါးတရ လျှောက်ထားလိုက်ပါတော့သည်။

## သမာပတ်ဟူသမျှ၏ အထွတ်အထိပ်

ဘုရားရှင်သည် အာဠာရကာလာမ၏ လောကီစျာန်ကို ကဲ့ရဲ့ ရှုတ်ချမှု ပြုတော်မမူပါ။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၏ အခြေခံဖြစ် နိုင်ကြောင်း ကြိမ်ဖန်များစွာ ဟောကြားတော် မူခဲ့ဘူးပါ သည်။ သို့သော် ယခုလို ပင်ပန်း နွမ်းနယ် နေချိန်မှာကား အခြေခံ စျာန်သမာပတ်များကို ချီးမွမ်းခန်း မဖွင့်နိုင်တော့ ပါ။ ထို့ကြောင့် သမာပတ်ဟူသမျှ၏ အထွတ်အထိပ် နိရောဓ သမာပတ်ကို ဟောကြားတော် မူလိုက်ရ၏။ အာတုမာမြို့ အနီး ကောက်နယ်တလင်း၌ နိရောဓသမာပတ်ဝင်စားနေစဉ် မိုးကြီးသည်းထန်စွာ ရွာသွန်း၍ လျှပ်တွေပြက်၊ မိုးကြိုးများ ထစ်သော်လည်း လုံးဝမကြားမသိခဲ့ရပုံများကို ဟောကြား၏။ ဤတွင်မှ ပုက္ကုသသည် လောကီစျာန်သမာပတ်နှင့် အထက် တန်းအရိယာများသာ ဝင်စားနိုင်သော သမာပတ်တို့ အကွာ ကြီးကွာခြားပုံကို သဘောပေါက်လာ၏။ ဘုရားရှင့် ရှေ့တော် မှောက်ဝယ် သရဏဂုံသုံးပါး ဆောက်တည်၏။ ထို့နောက် သူ့အလုပ်သမားအား -

တဖန် ပွင့်လာကြပြန်ပေပြီ။ သူတို့သူတို့တတွေသည် သည်နှစ်အဖို့ ပျော်ပြီးယင်းပျော်ယင်းဖြင့် ပျော်ခင်းပြုရှုပင် အားမရကြလေရော့သလား။ အမှန်မှာတော့ ထိုသို့မဟုတ်နိုင်ပါချေ။ သူတို့တတွေ ယခုဆင်နွှဲနေသော ပွဲတော်ကြီးသည် ပျော်ပွဲရွှင်ပွဲ မဟုတ်နိုင်ပါချေ။ မကြာမီ ပရိနိဗ္ဗာန်စံတော်မူတော့မည့် ဘုရားရှင်အား နောက်ဆုံးအကြိမ်ပူဇော်ခြင်းဖြင့် ပူဇော်နေကြခြင်းသာ ဖြစ်နိုင်ပါသည်။ မချိတင်ကဲ ငိုပွဲကြီးဆင်နေကြခြင်းသာ ဖြစ်နိုင်ပါသည်။

ရနံ့သင်းသော အင်ကြင်းပန်းတို့နှင့်အတူ ထက်ကောင်းကင်မှ မန္ဒာရဝနတ်ပန်းတို့ကလည်း တဖွဲဖွဲတသဲသဲ ကြဲဖြန့်လျက်ရှိပါ၏။ နတ်တို့၏ ပန်းနံ့သာတို့ကလည်း တောတခွင်လုံး ထုံသင်း မွှေးပျံ့နေကြပါသည်။ နတ်စည်နတ်ညှင်း နတ်တေးချင်းတို့ကလည်း ထက်ကောင်းကင်မှ ညင်းညင်းသာသာ တီးခတ်သီကျူးလျက် ရှိကြ၏။ ကျွန်ုပ်၏ တသက်တာတွင် စိတ်ဘဝင် အထိခိုက်ရဆုံးသော ပူဇော်ပွဲကြီးပါပေတည်း။ မကြုံစဘူး ထူးကဲလှသော ပူဇော်ပွဲကြီးပါပေတည်း။

## ဒါနကို ပယ်တော်မူသလော

"အာနန္ဒာ၊ ဤမျှလောက် ထူးထူးခြားခြား ခမ်းခမ်းနားနား ပူဇော်ကြသော်လည်း ငါဘုရားကို အဟုတ်တကယ် အလေးအမြတ်ပြုရာ မရောက်သေးပေ။ ပူဇော်ရာ မရောက်သေးပေ။ ကိုးကွယ် ဆည်းကပ်ရာ မရောက်သေးပေ"

နောက်ဆုံးအချိန် ရောက်လာပြီမို့ သာသနာတော် တည်စေကြောင်း အကောင်းဆုံးသော ပူဇော်နည်းကို ညွှန်ပြတော်မူလိုက်ပေသည်။

## ဘုရားရွှေတော်က ဆင်ပေါက်ကြီး

ဤတရားတော်များ ဟောကြားစဉ်တွင် အရှင်ဥပဝါဏသည် ဘုရားရှင်၏ ရှေ့တည့်တည့်မှ ဖူးမြော်လျက် ရှိ၏။ ဝါတော်နှစ်ဆယ် မပြည့်ခင်တုန်းက ဤအရှင်မြတ်ကြီးမှာလည်း ဘုရားရှင်ကို ပြုစုလုပ်ကျွေးခဲ့သူဖြစ်၏။ ဘုရားရှင်၏ လေနာရောဂါ သက်သာပျောက်ကင်းစေရန် ရေနွေးအလှူခံ ထွက်ခဲ့ရပုံကို ကျွန်ုပ်၏ပရိသတ်များ မှတ်မိကောင်း မှတ်မိပါလိမ့်ဦးမည်။ ပင်ကိုကပင် ဤ အရှင်မြတ်ကြီးသည် ကိုယ်ခန္ဓာ ထွားကျိုင်းလှ၏။ အရပ်မြင့်သည်နှင့်အမျှ ကိုယ်လုံးကိုယ်ထည် ကလည်း ကြီးမားလှ၏။ ထို့ကြောင့်ပင် သူနှင့် ကျွမ်းဝင်ရင်းနှီးသော သီတင်းသုံးဖော်များက သူ့ကို ဆင်ပေါက်ကြီးဟု ချစ်စနိုးခေါ်ဝေါ်ခဲ့ကြပေသည်။

ဆင်ပေါက်ငယ်တမျှ ကြီးမားထွားကျိုင်းလှသော အရှင်ဥပဝါဏသည် သင်္ကန်းဝတ်ပြန်တော့လည်း ပံ့သကူ သင်္ကန်းကိုမှ ဝတ်ရုံ၏။ တထွာစ တညှိုစ ရတတ်သမျှအဝတ်စများကို စပ်ဟပ်ကာ ချုပ်ထားသဖြင့် သူ့သင်္ကန်းသည် ထူထူပွပွကြီး ဖြစ်နေ၏။ ကြီးမားထွားကျိုင်းသော ကိုယ်ခန္ဓာတွင် ထူထူပွပွကြီးများ ဝတ်ရုံထားသဖြင့် ပရိသတ်အားလုံး၏ မြင်ကွင်းကို

အမျိုးသားတို့၊ ယနေ့ည ပစ္ဆိမယာမ်တွင် ဘုရားရှင် ပရိနိဗ္ဗာန် ပြုတော်မူလိမ့်မည်။ ဝါသိဋ္ဌအမျိုးသားတို့၊ လာခဲ့ကြကုန်လော့။ လာခဲ့ကြကုန်လော့။ ငါတို့၏နယ်ထဲမှာ ဘုရားရှင် ပရိနိဗ္ဗာန် ပြုတော်မူပါလျက် နောက်ဆုံးအချိန်တွင်ဘုရားရှင်ကိုငါတို့များ မဖူးလိုက်ရဟု- နောင်တတဖန် ပူပန်မနေကြရစေနှင့်။ နှလုံး မသာ ဖြစ်မနေကြရစေနှင့်' ဤသို့ ပြောကြားပါချေလော့"

"ကောင်းပါပြီ အရှင်ဘုရား"

မျှော်လင့်ချက်ကလေး ပြေးထွက်သွားချိန်တွင် အမိန့်တော် အရ ကျွန်ုပ်သည် ကုသိနာရုံမြို့တွင်းသို့ ဝင်လာခဲ့ရ၏။ မလ္လ မင်းညီ မင်းသားတို့မှာ လွှတ်တော်ထဲတွင် အစည်းအဝေး ထိုင်နေကြဆဲမို့ တနေရာတည်းနှင့် လာရင်းကိစ္စ ပြီးသွားပေ ပြီ။ ကျွန်ုပ်ဘက်က ကိစ္စ ပြီးသွားချိန်တွင် မလ္လတို့ ဘက်မှ သောသောညံသွားပါတော့သည်။ မချိတင်ကဲငိုပွဲကြီး ဆင်ကြ ပါတော့သည်။ ငိုယိုတမ်းတယင်းနှင့်ပင် အင်ကြင်းတောသို့ လိုက်ပါလာကြပါတော့သည်။ ကျွန်ုပ်၏ သူငယ်ချင်းရောဇာသာ ရှိနေသေးပါလျှင် သူတို့ရှေ့ဆုံးက လိုက်ပါလာပေမည်ဟု ကျွန်ုပ် အောက်မေ့မိပါသည်။

## ကျွန်ုပ်၏ စာနာစိတ်

တဆင့်စကားဖြင့် သတင်းကြား၍ လိုက်ပါ လာကြသူများ လည်း ပါလာသဖြင့် မလ္လပရိသတ်ကြီးမှာ ကွင်းနှင့်အပြည့် ဖြစ်နေ၏။ သူတို့သာတဦးချင်း တဦးချင်း ကန်တော့နေပါ

ပြဿနာများကို စကားဆိုနေမည့်အစား လယ်ငင်းလက်တွေ့ အကျိုးရှိနိုင်သော တရားကိုသာ ဟောကြားနေကြောင်း အသိပေးတော်မူပါ၏။ သို့သော် ဥတ္တိယလိုပုဂ္ဂိုလ်မျိုးက စေတနာကို တန်ဖိုးထားတတ်သည် မဟုတ်ပေ။ တဘက်သား၏စကားတစကို အရဆွဲကာ ကတ်သီးကတ်သတ် လုပ်နိုင်ရေးကိုသာ ရှေးရှုနေပေသည်။

## အဖြေမရှိသော မေးခွန်း

''အရှင်ဂေါတမ၊ သတ္တဝါတို့၏ ညစ်နွမ်းသော စိတ်သဘောများ စင်ကြယ်သွားစေရန် တရားဟောသည်ဟု ဆိုပါလျှင် အရှင်ဂေါတမ တရားဟောလိုက်သည့်အတွက် လူတွေ အကုန်လုံး ကျွတ်တမ်းဝင်သွားပါသလော။ သို့မဟုတ် တဝက်ကျွတ်တမ်းဝင်သွားပါသလော။ ထိုသို့မဟုတ်သေးလျှင် သုံးပုံတပုံကျွတ်တမ်းဝင်သွားပါသလော''

သူ့အသံထွက်က သူ့စိတ်နေစိတ်ထားကို ဖော်ပြနေပေသည်။ သည်ဘက်က ကောင်းကောင်းမွန်မွန် ဖြေကြားလေသမျှ ဥတ္တိယကတော့ စကားကတ်နိုင်ရေးကိုသာ အလေးထားနေ၏။ စကားကတ်ရုံသက်သက်ဆိုလျှင် ကိစ္စမရှိပါ။ သူ့ထက်အဆရာထောင်မက ကတ်နိုင်သောသူများကိုပင် ဘုရားရှင် ခြေချတ်တော်မူခဲ့ဘူးပါသည်။ သို့ရာတွင် ယခုဥတ္တိယ၏စကားကိုတော့ ဘုရားရှင်က ဖြေတော်မမူတော့ပါ။ ပုဂ္ဂိုလ် သတ္တဝါကို အရှိထားပြီး မေးလာသဖြင့် ဖြေကြား၍လည်း မဖြစ်တော့

ရသည်ချည့်ဖြစ်၏။ ပျက်စီးသွားသော တရားသည် အကြွင်းမဲ့ ပျက်စီးသွားသည်သာ ဖြစ်၏။ တကျော့တဖန် ပြန်လည် လာခြင်း မရှိပေ။ သူတို့နေရာတွင် ဖြစ်ပေါ်လာသောတရားများကား- အသစ်အသင်တို့သာလျှင် ဖြစ်ကြ၏။ အကြောင်းတရားတို့ ပေါင်းဆုံမှုအလျောက် ပေါ်ပေါက်လာသော တရားများသာ. ဖြစ်ကြ၏။ ဤသည်ပင်လျှင် သံသရာတည်း။

## သံသရာ ထွက်မြောက်ရေး

ဤသံသရာဝဋ်မှ ထွက်မြောက်ရန်ကား ပြုပြင်ခြင်း ကင်းဝေးသော၊ ပြုပြင်ခြင်း ကင်းသဖြင့် ပျက်စီးခြင်းမရှိသော နိဗ္ဗာန်တရားကို ကိုယ်တိုင်ကိုယ်ကျ မျက်မှောက် ပြုနိုင်ရေးအတွက် နိဗ္ဗာန်နှင့်လျော်သောအကျင့်ကိုကျင့်သုံးကြရပါလိမ့်မည်။ အေးသသောရှိသော နိဗ္ဗာန်နှင့်လျော်စွာ အေးဆေးသော စိတ်သဘောကို ပွားများကြရပါလိမ့်မည်။ ငြိမ်းချမ်းသော သဘောရှိသော နိဗ္ဗာန်နှင့် လျော်ညီစွာ ငြိမ်းချမ်းသော စိတ်သဘောကို မွေးမြူကြရပါလိမ့်မည်။ ဤသို့သော ကျင့်ဝတ်များကို မမေ့မလျော့ ကျင့်သုံးနိုင်ကြရန် တတိယဝါကျက ညွှန်ပြ၍ ထားပေသည်။

ဘုရားရှင်၏ နောက်ဆုံးမိန့်ခွန်းတော်ကို အဓိပ္ပာယ် ဖော်နေဆဲမှာပင် ဘုရားရှင်၏ ထွက်သက်ဝင်သက်များ ချုပ်ငြိမ်းသွားကြပါပြီတည်း။

(သုတ်မဟာဝဂ်၊ မဟာပရိနိဗ္ဗာနသုတ်၊ တထာဂတပစ္ဆိမဝါစာ ပါဠိတော်နှင့် အဋ္ဌကထာ)

မူခဲ့၏။ မိမိကိုယ်ကိုသာ အားကိုးရစ်ကြရန် သတိပေးတော်မူခဲ့၏။ သို့သော် ကျွန်ုပ်မှာ အားမငယ်ပဲမနေနိုင်ပါ။ တကယ်တော့ဖြင့် ကျွန်ုပ်သည် နောင်တော်မြတ်၏ အရိပ်မဟုတ်ပါလော။ အရပ်တော် သွားလေရာနောက်သို့ တကောက်ကောက်ပါနေခဲ့ရသော ဤအရိပ်သည် ယခုတော့ မည်သူ့နောက်လိုက်ရပါတော့မည်နည်း။

## ကျွန်ုပ်တပါးတည်းမဟုတ်ပါ

ဓမ္မနှင့်ဝိနယကို အားကိုးရစ်ကြရန် ဘုရားရှင် မိန့်မှာတော်မူခဲ့၏။ ထိုမိန့်မှာချက်သည် မှုအားဖြင့် ဟုတ်မှန်ပါ၏။မှုကောင်းသော်လည်း ထိုမှုကို အပြည့်အဝ အကောင်အထည် ဖော်ဖို့ကလိုပါသေးသည်။ တရား ဒေသနာတော်များ အားလုံးကိုကျွန်ုပ် နှုတ်တက်ရွရွ ဆောင်ထားနိုင်သည် မှန်ပါ၏။ ဘုရားရှင့်ရွှေတော် မှောက်မှလည်းကောင်း၊ အရှင်မဟာ သာရိပုတ္တရာထံမှ တဆင့်လည်းကောင်း ကျွန်ုပ် သင်ယူ မှတ်သားထားနိုင်သည် မှန်ပါ၏။ သို့သော် ဤသို့ သင်ယူမှတ်သား ထားသူမှာကျွန်ုပ်တပါးတည်း မဟုတ်ပါ။ ရဟန်းတိုင်းလိုလို၊ ရဟန်းမတိုင်းလိုလို သင်ယူခဲ့ကြ၏။ကျွန်ုပ်ကဲ့သို့ အပြည့်အစုံ မစုဆောင်းနိုင်ကြသော်လည်း တပုဒ်ကောင်း နှစ်ပုဒ် ကောင်းတော့ကြားနာ မှတ်သား ထားခဲ့ကြ၏။ ဤသို့ တပုဒ်ကောင်း နှစ်ပုဒ်ကောင်း ကြားနာရ၍ပင် စေတနာသဒ္ဓါတရားများ ထက်သန်ကာ သာသနာတွင်း ဝင်ရောက်ခဲ့ကြသည် မဟုတ်ပါလော။

# ပြည်တော်ပြန်မလှသော ခရီး

## သံဃါယနာ တင်ရမည့် နေရာ

သံဂီတိကာရကငါးရာကို ရွေးချယ်ကြပြီးနောက် သံဃနာယက မထေရ်ကြီးများသည် သံဂါယနာ တင်ရမည့်နေရာကို စဉ်းစား ကြရ၏။ မဇ္ဈိမဒေသတခွင်လုံးရှိ တိုင်းပြည် မြို့ရွာတိုင်း လိုလို ဗုဒ္ဓသာသနာတော် ထွန်းကားနေသည်ဖြစ်ရာ ထိုနေရာတိုင်းက ကျွန်ုပ်တို့လုပ်ငန်းကို ကြိုဆိုလက်ခံကြမည် ဖြစ်ပါ၏။ သို့သော် ကျွန်ုပ်တို့ဘက်က ဝန်နှင့်အား၊ မြားနှင့်လေး ချင့်ချိန်ရပါလိမ့် မည်။ ဒကာများဘက်မှာလည်း ဝန်တာမပိ၊ မိမိတို့ကိစ္စလည်း ချောချောမောမော ပြီးစီးနိုင်မည့်နေရာကို စဉ်းစားကြရပါ

သူကဲ့သို့ ရင့်ကျက်တည်ငြိမ်၍ ဣန္ဒြေရရ နေစေချင်လှ၏။ သို့သော် ကျွန်ုပ်အာနန္ဒာသည် အရှင်မဟာကဿပ မဟုတ်နိုင်ပါချေတကား။

အရှင်မဟာကဿပ မထေရ်ကြီးကား တကယ့် သာသနာ့အာဇာနည် ပီသပါပေ၏။ သာသနာတော် တရပ်လုံးအတွက် စံပြပုဂ္ဂိုလ်ကြီးလည်း ဖြစ်ပါ၏။ ဒကာ ဒကာမများနှင့် ပတ်သက်လာလျှင် အင်မတန် သံယောဇဉ် ကင်းရှင်းလှ၏။ တွေ့လာကြုံလာလေသမျှ ဒကာ ဒကာမများကို မှတ်မှတ်သားသားမပြုခဲ့သဖြင့် သူ့အဖို့ အသစ် အသစ်တွေချည့် ဖြစ်နေသည်ဟု ပြောစမှတ်ပြုကြရ၏။ ထို့ကြောင့်လည်း ကောင်းကင်ခရီးမှာ လွတ်လပ်စွာ သွားလာနေသော လမင်းကြီးနှင့် ဥပမာ ပြုတော်မူခဲ့ရပေသည်။

## သက်တောင့်သက်သာ နေပါလော့

အရှင်မြတ်ကြီးသည် ရဟန်းဖြစ်သည်မှစ၍ ဓုတင်မျိုးစုံဆောက်တည်လာခဲ့၏။ ဤသို့ ကျင့်သုံးလာသည်မှာ ဘုရားရှင်၏ အဆုံးအမကြောင့် ဖြစ်၏။ အသွေးအသားကောင်းတုန်း၊ အရွယ်ကောင်းတုန်းက အားပေးအားမြှောက် ပြုထားခဲ့ခြင်းဖြစ်၏။ သို့သော် အသက်အရွယ်ကြီးရင့်လာသည့်အခါတွင်ကား ဘုရားရှင် ကိုယ်တော်တိုင်က သူ့တပည့်ကြီးကို ဝေဠုဝန် ကျောင်းတော်သို့ ခေါ်ယူကာ ဤသို့ မိန့်တော်မူခဲ့ရ၏။

"ကဿပ၊ ယခု သင် အသက်အရွယ်ကြီးရင့်လာပြီ။ အိုမင်းမစွမ်း ဖြစ်လာပြီ။ ပိုက်ဆံလျှော်ဖြင့် ယက်လုပ်ထားသော သင့်ပံ့သကူ သင်္ကန်းတို့သည် ဟောင်းလည်း ဟောင်းနွမ်းလှ၏။ လေးလည်း လေးလွန်းလှ၏။ ထို့ကြောင့်ဒကာ ဒကာမများ လှူဒါန်းသောသင်္ကန်းကောင်းများကို ဝတ်ရုံပါလော့။ ဒကာ ဒကာမများ ပင့်ဖိတ်၍ ကပ်လှူသော ဆွမ်းကိုလည်း စားပါလော့။ ငါ၏ ထံပါးမှာလည်း နေလာပါလော့"

## လေးလံလှသော သင်္ကန်းကြီး

ဘုရားရှင် ကိုယ်တော်တိုင်က မိန့်တော်မူရလောက်အောင် သူ့သင်္ကန်းကြီးတွေက လေးလှပါ၏။ ရဟန်း ဖြစ်ခါစက ဘုရားရှင်နှင့် သင်္ကန်းချင်းလဲလာခဲ့သည်မို့ ဟောင်းနွမ်းသည်ကို အထူးဆိုဖွယ်မရှိပါ။ လေးလံခြင်းကား မဖွပ် မလျှော်သော ကြောင့် ချေးပေကာ လေးလံခြင်း မဟုတ်ပါ။ ဘုရားရှင် ကိုယ်တော်တိုင်က ပေးသနား ထားသော သင်္ကန်းဖြစ်၍ သူ အင်မတန်မှ ရိုသေလှပါသည်။ အပေါက်အပြဲ ပေါ်လာတိုင်း အပ်ချည်မျိုးစုံဖြင့် ချုပ်စပ်ခဲ့ရ၏၊ ချုပ်ရုံနှင့်မလုံလောက်သော အပေါက်အပြဲများကို ပံ့သကူ အဝတ်စ မျိုးစုံဖြင့် ဖာထေးခဲ့ရ၏။ ယက်ချည်ထက် ချုပ်ချည်က ပိုများသည်ဟု ဆိုရပါလိမ့်မည်။

ဆင်ခြင်တုံတရားမကပ်သေးမီ ဟောဟောဒိုင်းဒိုင်း ပြောခဲ့လိုက်သော စကားများ ဖြစ်ပါ၏။

## အရှင်မြတ်ကြီး၏ ဖြေရှင်းချက်

သူပြောသည့်အတိုင်း အရှင်မဟာကဿပသည် တိတ္တိဘောင်မရောက်ခဲ့ဘူးပါ။ ဤအကြောင်းကို ပရိသတ်အားလုံး သိကြပါသည်။သို့သော်သည်း ဤစကားကဤနေရာမှာပင် လမ်းဆုံးမည် မဟုတ်သေးပါ။ ပြောသည့် နေရာက ရဟန်းတွေရော၊ ရဟန်းမတွေပါ စုံလင်သည့် ပရိသတ်အလယ်။ သူ့အသံက ကျယ်ကျယ်လောင်လောင်။ သည်တော့ သည်စကားက အရှင်မဟာကဿပ နားသို့ မရောက်ပဲ ရှိချေမည်လော။

"အရှင်ဘုရား၊ မိုက်မဲသည့် မိန်းမသား တယောက်ကို သည်းခံတော်မူပါ"

တပည့်မကောင်း ဆရာ့ခေါင်းဆိုသည့်အတိုင်း မိုက်မဲသော တပည့်မအတွက် ကျွန်ုပ်က ဤသို့ တောင်းပန်ရပါသည်။

"အာနန္ဒာ၊ ရှိစေတော့။ မဆင်ခြင်ပဲ ရုတ်တရက်နှုတ်ထွက်သွားသောစကားကို ဗွေမယူလိုပါ။ သို့သော် တိတ္တိဘောင်သို့ ရောက်ခဲ့ဘူးသူဟူသော စကားကိုကား ဖြေရှင်းမှဖြစ်ချိမ့်မည်။

ဤသို့ အစချီကာ အရှင်မဟာကဿပက မိမိ ဘုရားရှင်ထံရောက်ခဲ့ရပုံများကို ဇာတ်ကြောင်းပြန်၍ပြပါ၏။ မိဘများက အတင်းပေးစား၍ အိမ်ထောင်ပြုခဲ့ရသော်လည်း အိမ်ထောင်ရေးကို ဇနီးမောင်နှံနှစ်ယောက်လုံး စိတ်မဝင်စားခဲ့ပုံ၊ သံဝေဂ

ရောက်ခဲ့၏။ အလုပ်သမားခေါင်းဆောင် ဂေါပကမောဂ္ဂလာန ပုဏ္ဏားထံသို့ဝင်ရောက်ခဲ့၏။ ကျွန်ုပ်ရောက်သွားလျှင် ဂေါပက မောဂ္ဂလာနက ပျာပျာသလဲ ဆီးကြို၏။ နေရာထိုင်ခင်းပေး၏။ သူကိုယ်တိုင်လည်း နိမ့်သောနေရာမှာထိုင်လျက် သူသိလိုသော ပြဿနာတခုကို စတင် မေးမြန်းပါတော့သည်။

"အရှင် အာနန္ဒာ၊ အရှင်ဂေါတမ ကဲ့သို့ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင် ဖြစ်နိုင်သော ဂုဏ်အင်္ဂါနှင့် ပြည့်စုံသော ရဟန်း တပါးပါး ရှိပါသလား"

ဘုရားရှင် ပရိနိဗ္ဗာန် စံပြီးခါစဖြစ်၍ သူ စိတ်ဝင်စားရာကို မေးမြန်းခြင်း ဖြစ်ပါလိမ့်မည်။ တိုင်းပြည့် သခင် ဘုရင်ကြီး တပါး နတ်ရွာစံလျှင် နောက်တမင်း နန်းတက်လာရသကဲ့သို့ ပရိနိဗ္ဗာန် စံတော်မူပြီးသော ဘုရားရှင်၏ နေရာတွင် ရဟန်း တပါးပါးက ဘုရားအဖြစ်ဖြင့် တက်လာလိမ့်မည်ဟု သူထင် နေဟန်ရှိပါသည်။

## ရှိရှိသမျှ သာဝကချည်းသာ

နောက်တချက်မှာလည်း အရှင်မဟာကဿပက ဦးဆောင်၍ သံဂါယနာတင်မည်ဟူသော သတင်းနှင့် ပတ်သက်၍ သူနား ထွေးနေဟန်ရှိပါသည်။ အရှင်မဟာ ကဿပအား ဘုရားရှင်က တန်းတူထား၍ ချီးမြှောက်ခဲ့သည် မှန်ပါ၏။ သုံးကြိမ် သုံးခါမျှ သာသနာတော်ကြီးတရပ်လုံးကို လွှဲအပ်ခဲ့သည် မှန် ပါ၏။ သာသနာတော်ကြီး၏ အနာဂတ် ခရီးမှာ အရေး

အကြံ ဖြစ်နေခြင်းသည်ပင်လျှင် စိတ်ပျံ့လွင့်မှု (ဥဒ္ဓစ္စ) ဖြစ်နေ၏''

တရားအားထုတ်ပါလျက် တရားမရနိုင်သော အရှင်အနုရုဒ္ဓါအား အရှင်သာရိပုတ္တရာက ဤသို့မိန့်ကြားခဲ့ဘူး၏။ ဤအကြောင်းကို စောစောပိုင်းတုန်းက ကျွန်ုပ်၏ ပရိသတ်များထံ တင်ပြခဲ့ဘူးပါ၏။ ယခု ကျွန်ုပ်၏ အလှည့်မှာလည်း အရှင်အနုရုဒ္ဓါအတိုင်းဖြစ်ရပြန်ပါပြီ။ သည်တခါမှာတော့အရှင်မဟာသာရိပုတ္တရာကိုယ်တော်တိုင် လာရောက်၍ လမ်းကြောင်းမှန်အောင် ညွှန်ပြတော့မည် မဟုတ်ပါ။ သူ၏ကိုယ်စား သူ့မိန့်ကြားချက်ကိုသာ အားကိုးရပါတော့မည်။

## ဝိပဿနာကို တွယ်တာမိ၍

ငါ၏ ဝီရိယသည် ထက်သန်လေစွ။ ငါ၏စိတ်သည် တည်ငြိမ်လေစွဟု တွေးလိုက်မိခြင်း သည်ပင်လျှင် ဥဒ္ဓစ္စ ဖြစ်နေပေသည်။ ဥဒ္ဓစ္စနှင့်အတူ မိမိဝိပဿနာကို မိမိဘာသာပြန်၍ အားရနေသော၊ တွယ်တာသော သဘောကလည်း မသိမသာ ပါဝင်နေပေသည်။

ဤသာသနာတော်၌ ကျောင်းကန်တိုက်တာ၊ ဒကာဒကာမများကို တွယ်တာခြင်းသည် လွတ်မြောက်ခြင်း ခရီး၌ အဟန့်အတားဖြစ်၏။ ဝိပဿနာ၌ တွယ်တာ ကပ်ငြိ နေခြင်းသည်လည်း ထို့အတူပင်ဖြစ်၏။ တွယ်တာမှုကို မစွန့်နိုင်သေးသမျှ အရဟတ္တဖိုလ်ကို မရနိုင်ပါ။ ကုရုတိုင်း၊ ကမ္မာသဒမ္မ ရွာကြီး

ထို့ကြောင့် ကျွန်ုပ်သည် တွယ်တာမှုလည်းမပေါ်။ ခွဲခွာလိုမှုလည်းမရှိ။ ပကတိ လွတ်လပ်သော စိတ်နှလုံးဖြင့် ဆေးရေအိုးရှိရာ လျှောက်လာ ခဲ့ပါတော့သည်။ ရေအေးအေးဖြင့် ဆေးပြီးနောက် ကျောင်းတွင်းသို့ ဝင်လိုက် ပါတော့သည်။ တပည့်များ အရံသင့်ပြင်ဆင်ထားသော ညောင်စောင်းပေါ်သို့ ခန္ဓာကိုယ်ကို လှဲချလိုက်ပါတော့သည်။ ဤတွင် ကျွန်ုပ်၏ တသက်တာတွင် အထူးခြားဆုံး အတွေ့အကြုံတခု ပေါ်ပေါက်လာပါတော့သည်။

စိတ်လွတ်ကိုယ်လွတ် လှဲချလိုက်ရာတွင် ခြေထောက် နှစ်ချောင်းသည် မြေပြင်မှ လွတ်သွား၏။ ဦးခေါင်းကလည်း ခေါင်းအုံးပေါ်သို့ မကျသေး။ ဤအနေအထားကို မည်သို့သော ဣရိယာပုထ်ထဲထည့်ရပါမည်နည်း။ သွားနေသည်လည်း မဟုတ်။ ရပ်သည်ဟုလည်း မဆိုနိုင်။ ထိုင်နေသည်လည်းမဟုတ်တော့။ အိပ်သည်ဟုလည်း မဆိုနိုင်သေး။ ဣရိယာပုထ်လေးပါးလုံး လွတ်ကင်းနေသော ထိုအခိုက်အတန့်ကလေးမှာပင် အလိုအာသဝဟူသမျှတို့၏ ကင်းရာကုန်ရာ ချုပ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်တရားတော်မြတ်ကြီးကို အရှင်းဆုံး အလင်းဆုံးသောဉာဏ်ဖြင့် သိမြင်လိုက်ရပါတော့သည်။

## ဝန်ထုပ်ဝန်ပိုးကြီး လွတ်သွားပြီ

အရဟတ္တဖိုလ်ကို ရလျှင် ဘယ်လိုကြီးများ နေမှာပါလိမ့်ဟု စောစောက ကြိုတင်၍ တွေးကြည့်ခဲ့၏။ ယခုအတွေးမဟုတ်ပဲ

"မလျှောက်ထားခဲ့မိပါဘုရား"

ကျွန်ုပ်ကလည်း ဟုတ်တိုင်းမှန်ရာ လျှောက်ထားလိုက်ရ၏။ ဤတွင် သံဂီတိကာရက သံဃာများ အလုပ်များကြပါတော့သည်။ ခုဒ္ဒါနုခုဒ္ဒါက သိက္ခာပုဒ်များကို အမျိုးမျိုး အဖုံဖုံ ကောက်ယူကြပါတော့သည်။

တချို့က ပါရာဇိက သိက္ခာပုဒ်ကြီး ၄ ခုမှတပါး အားလုံးကို သတ်မှတ်လိုကြ၏။ တချို့က သိက္ခာပုဒ်ကြီးများ ထဲတွင် သံဃာဒိသိသ် သိက္ခာပုဒ် ၁၃ ပါးကိုပါ ထည့်လိုကြ၏။ တချို့က အနိယတ သိက္ခာပုဒ် ၂ ပါးကိုပါ သိက္ခာပုဒ်ကြီးများထဲ ထည့်လိုကြ၏။ တချို့က နိဿဂ္ဂိပါစိတ် သိက္ခာပုဒ် ၃၀ ကိုပါ သိက္ခာပုဒ်အကြီးစား သတ်မှတ်လိုကြ၏။ တချို့က သုဒ္ဓပါစိတ် ၉၂ ပါးတိုင်အောင် သိက္ခာပုဒ် အကြီးစား သတ်မှတ်လိုကြ၏။ တချို့ပုဂ္ဂိုလ်များကတော့ ပါဋိဒေသနီ သိက္ခာပုဒ် လေးပါးတိုင်အောင် သိက္ခာပုဒ် အကြီးစားရင်း သွင်းလိုကြ၏။ ဤသို့ အမျိုးမျိုးအဖုံဖုံ သတ်မှတ် နေကြသဖြင့် ဘုရားရှင်၏ စကားကို အကောင်အထည် ဖော်ရခက်နေကြရ၏။

## အရှိအတိုင်း ထားကြစို့

ကျွန်ုပ်သာ သတိကောင်းကောင်းနှင့် မေးလျှောက်ခဲ့မိပါက လက်ရှိဝိနယ ပိဋကသည် တမျိုးတဖုံ ပြောင်းလဲကောင်း ပြောင်းလဲနိုင်ပေသည်။ သို့သော် တဘက်ကလည်း အခြေအနေ အရပ်ရပ်ကို ထိန်းသိမ်းနိုင်စွမ်းသော အရှင် မဟာ-

"အို–နှမ၊ ဤကိုယ်ခန္ဓာသည် အာဟာရကြောင့် ဖြစ်ထွန်းလာ၏။ အာဟာရကို အမှီပြု၍ အာဟာရအပေါ်တွယ်တာမှုကို ပယ်စွန့်သင့်၏။ ဤစကား၏ ဆိုလိုရင်း အဓိပ္ပာယ်ကား ဤသို့ဖြစ်၏။ ဤသာသနာတော်၌ ရဟန်းတပါးသည် ဆွမ်းစားသောအခါ အသင့်အတင့် နှလုံးသွင်း၍ စားသောက်၏။ အားခွန်ဗလ တိုးပွားရေး အတွက်မဟုတ်။ ကိုယ်ခန္ဓာမျှတ၍ တရားနှလုံး သွင်းနိုင်ရုံသာ မျှတစွာ စားသောက်၏။ ဤသို့ မျှတသော အာဟာရကို အမှီပြု၍ အာဟာရအပေါ် တွယ်တာမှုကို ပယ်စွန့်နိုင်ပေသည်။

"အို–နှမ၊ ဤကိုယ်ခန္ဓာသည် တဏှာကြောင့်ဖြစ်ထွန်းလာ၏။ တဏှာကိုအမှီပြု၍ တဏှာကိုပယ်စွန့်သင့်၏။ ဤစကား၏ ဆိုလိုရင်းအဓိပ္ပာယ်ကား ဤသို့ဖြစ်၏။ ဤ သာသနာတော်၌ ရဟန်းတပါးသည် ရဟန်းတပါး ရဟန္တာ ဖြစ်သွားကြောင်း ကြားသိရသောအခါ 'ငါသည်လည်း ဘယ်အခါတွင် သူကဲ့သို့ ဖြစ်ပါအံ့နည်း' ဟု တောင့်တမိ၏။ တောင့်တပြီးနောက် နည်းမှန်လမ်းကျ ကျင့်သုံးသဖြင့် ရဟန္တာ ဖြစ်သွားသောအခါ ရဟန္တာဖြစ်ချင်သော အလိုတဏှာကို ပယ်စွန့်နိုင်ပေသည်။

"အို–နှမ၊ ဤ ကိုယ်ခန္ဓာသည် မာနကြောင့် ဖြစ်ထွန်းလာ၏။ မာနကိုအမှီပြု၍ မာနကိုပယ်စွန့်သင့်၏။ ဤစကား၏ ဆိုလိုရင်း အဓိပ္ပာယ်ကား ဤသို့ ဖြစ်၏။ ဤသာသနာတော်၌ ရဟန်းတပါးသည် ရဟန်းတပါး ရဟန္တာ ဖြစ်သွားကြောင်း ကြားသိရသောအခါဘုရားသားတော်ချင်းအတူတူ သူသည်ပင် ရဟန္တာဖြစ်သေး၏။ ငါကောအဘယ့်ကြောင့် မဖြစ်နိုင်ရမည်

လည်း ကျွန်ုပ်၏ကိုယ်ခန္ဓာပေါ်မှာ လွှမ်းမိုး လာနေချေပြီ။ ထို့ကြောင့် ပြောပြရန်ကျန်နေသေးသော အကြောင်း အရာများကို ခြုံမိအောင် ပြောရပါတော့မည်။

## သံဂါယနာမှာ မပါလို

တဆက်တည်း တင်ပြလာခဲ့သော သံဂါယနာတင် ခန်းများတွင် အရှင် ပုရာဏတို့ ကြွရောက်လာကြောင်း မပါဝင်သေးပါ။ ကုသိနာရုံတွင် သံဂါယနာတင်ရေး စတင် ဆွေးနွေးကြစဉ်က သံဂီတိကာရ သံဃာ ငါးရာမှတပါး အခြား ပုဂ္ဂိုလ်များ ရာဇဂြိုဟ်မှာ ဝါမဆိုရဟု စည်းကမ်း သတ်မှတ်ခဲ့ကြ၏။ သို့သော် သံဂါယနာ တင်ပွဲသည် ဝါကျွတ်ပြီးသည့် နောက်မှာလည်းဆက်လက်၍ ကျင်းပနေရသည်ဖြစ်ရာကျွန်ုပ်တို့ရှိရာသို့ အရှင်ပုရာဏ ရောက်ရှိလာပေသည်။ ဒက္ခိဏာဂိရိရွာကြီးမှတဆင့် ရာဇဂြိုဟ်မြို့တော်သို့ ဆိုက်ရောက်လာခြင်း ဖြစ်ပေသည်။

အရှင်ပုရာဏသည် တပည့်ရဟန်း ငါးရာရှိ၍ ထင်ရှားကျော်ကြားသော ရဟန္တာကြီးတပါးဖြစ်ပါ၏။ အရှင်ပုရာဏ၏ ဂုဏ်သိက္ခာကို လေးစားကြသဖြင့် သံဂီတိကာရက အရှင်မြတ်များက သံဂါယနာတင်ရာတွင် ပါဝင်ပါရန် ဖိတ်ခေါ်ကြပါ၏။ သို့သော် အရှင်ပုရာဏက လက်မခံပါ။

''ငါ့ရှင်တို့၊ မထေရ်ကြီးများက ဓမ္မနှင့် ဝိနယကို သံဂါယနာတင်ခြင်းသည် ကောင်းမြတ်ပါ၏။ သို့ရာတွင် ငါတို့သည်

## အစွန်းနှစ်ဘက် လွတ်သော တရား

တရားဘက်လိုက်လာခါမှ သောင်မတင်ရေမကျ ဖြစ်နေရသော ဆန္ဒအတွက် ပိဋကသုံးပုံထဲမှ အသင့်လျော်ဆုံးသော တရားကို ရှာဖွေသောအခါ အရှင်ကစ္စာနအား ဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတပုဒ်ကို တွေ့ရှိလာပေသည်။ ထိုတရားထဲမှ လိုရင်းကို အချုပ်မျှပြရသော်—

"ကစ္စာန၊ တရားသဘောများကို အစဉ်အမြဲ တရှိထဲရှိနေပါသည်ဆိုလျှင်အစွန်းတဘက်ဖြစ်၏။ လုံးဝမရှိပါဆိုလျှင်လည်း အစွန်းတဘက်ဖြစ်၏။ ထို့ကြောင့် ငါဘုရားသည် ထိုအစွန်းနှစ်ဘက်သို့ မချဉ်းကပ်မူ၍ မှန်ကန်သောအလယ်လမ်းကြောင်းဖြင့်သာ တရားဟောပြ၏။ ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးဆက်တရားကို ဟောကြားကြ၏။ ကြောင်းကျိုးဆက်ပုံကို ဟုတ်တိုင်းမှန်စွာ သိမြင်ရာမှ ကြောင်းကျိုးပြတ်ရာ နိဗ္ဗာန်တရားတော်ကြီးကို သိမြင်ရေးအထိ ငါဘုရား ဟောကြားပေသည်"

## ဗြဟ္မဒဏ် ပြီးငြိမ်းခြင်း

ဘုရားဟော ဒေသနာတော်ဖြင့် ကျွန်ုပ်က ကူညီပေးလိုက်သဖြင့် ဆန္နသည် အာသဝကင်းကွာသော ရဟန္တာအဆင့်ထိ ရောက်သွား၏။ ဤတွင် ဆန္နသည် ကျွန်ုပ်ထံ ချဉ်းကပ်လာကာ သံဃာက ပေးလိုက်သော ဗြဟ္မဒဏ်ကို ရုပ်သိမ်းပေးပါရန် တောင်းပန်၏။

# ညီတော်အာနန္ဒာ ၏ တသက်တာ မှတ်တမ်းကြီး
# ပြီးဆုံးပါပြီ

- နောက်ဆုံးအတွဲ ဖြင့်သည့်အတိုင်း ဤစာအုပ်တွင် သားတော် ရာဟုလာ၊ ညီတော်နန္ဒနှင့်တကွ အဂ္ဂသာဝက အရှင်မြတ်ကြီး နှစ်ပါးတို့၏ ပရိနိဗ္ဗာန်စံခန်းများကို ဖော်ပြထားပါသည်။ ရှေ့ပိုင်းက အရှင်မြတ်ကြီးသုံးပါးတို့၏ ပရိနိဗ္ဗာန်စံခန်းများမှာ သတိသံဝေဂ ရယူရုံမျှဖြစ်သော်လည်း အရှင်မဟာမောဂ္ဂလာန်၏ ပရိနိဗ္ဗာန်စံရပုံမှာကား ကြက်သီးထစရာကောင်းလှပါသည်။
- ကံကြမ္မာချင်း ဆက်စပ်နေကြသော ကောသလမင်းကြီးနှင့် သကျမျိုးနွယ်တို့၏ ပျက်စီးခန်းမှာလည်း သင်ခန်းစာ [illegible] အဝ ရနိုင်ကြပါသည်။ အဆောတလျင် မဆင်မခြင် ပြုလုပ်မှု အခြောက်တိုက် ဘဝင်မြင့်မှုတို့၏ နောက်ဆုံး ရလဒ်ကား ဤသို့ချည်း ဖြစ်ပါလိမ့်မည်။
- ဘုရားရှင်၏ နောက်ဆုံးဝါမှ စ၍ မဲ[illegible] ညီတော်အာနန္ဒာနှင့် အတူ ကရုဏာရသ [illegible] တမျိုးပြီးတမျိုး အရှိန်တိုး၍တိုး၍ ခံစ[illegible]
- တသက်တာမှတ်တမ်း ဇာတ်လမ်းရှည်ကြီး[illegible] ကား သံဂါယနာပွဲတော်အဘွင်း ညီတော်[illegible] ကြီးများ ထိပ်တိုက်တိုးမိနေပုံ ဖြစ်ပါ[illegible] သဘောအားဖြင့်ဆိုရလျှင် ဤအပိုင်းသည်[illegible] ဖြစ်ပါသည်။ ဇာတ်ရှိန်အမြင့်ဆုံးအပိုင်း[illegible] အရှင်မြတ်ကြီး၏ အမြင့်မြတ်ဆုံးသော [illegible] မြင်မြင် ဖော်ကျူးလိုက်ရခြင်းကား ဤစာရေးသူ၏ [illegible] တာတွင် အမှန်မြတ်ဆုံးသော ဆုလာဘ်ကြီး ဖြစ်ပါသတည်း။